NYI SAY
MYANMAR EBOOK CREATOR

မင်းသုဝဏ်

ဟိုက္ကူကဗျာ မြည်းစရာ

ဒုတိယအကြိမ်
design Antt Bwere Zin

http://nyisay.com

PDF _ YAYBAWAL

http://nyisay.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://nyisay.com

အိပ်မက်ရိပ်စာပေ အမှတ်စဉ် (၂၀)

ဟိုက္ကူကဗျာ မြည်းစရာ

မင်းသုဝဏ်

အိပ်မက်ရိပ်စာပေ

အမှတ် - ၁၀၄၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၃၀၉၄၇၅

http://nyisay.com

စာမူဖွဲ့ပြုရေး အဖွဲ့ ၆၂၀၀၅၇၀၈၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၀၀၄၅၀၇၃၀
ပုံနှိပ်ခွင့်
ပထမအကြိမ်၊ ၁၉၈၀၊ စပယ်ဦးစာပေ
ဒုတိယအကြိမ်၊ ဖေဖော်ဝါရီ ၂၀၁၁၊ အိပ်မက်ရိပ်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း - အံ့ဘွယ်ဇင်
အတွင်းဖလင် - အောင်ကော် (ပုံရိပ်ရှင်)
စာအုပ်ချုပ် - ကိုမြင့်
ကွန်ပျူတာစာစီ - Dream City
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးကော်မြင့်ဝင်း၊ Color Zone ပုံနှိပ်တိုက်၊
၁၈၄ (ခ)၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးသန်းဆွေ (မြ - ၀၃၉၂၀) Unity စာပေ
၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး - ၁၀၀၀ ကျပ်

၈၀၈.၈၁
မင်းသုဝဏ်
ဟိုက္ကူကဗျာ မြည်းစရာ / မင်းသုဝဏ်။ - ရန်ကုန်
Unity စာပေ၊ ၂၀၁၀။
၁၀၇ - စာ။ ၁၁.၅ x ၁၈ စင်တီ။
(၁) ဟိုက္ကူကဗျာ မြည်းစရာ

http://nyisay.com

မာတိကာ

-	မိတ်ဆက်စကား:	၉
၁။	Fujiwara-no-Teika (1162-1241) တေအိက	၁၁
၂။	Sogi (1421- 1502) ဆိုးဂီ	၁၃
၃။	Sokan (1458-1546) ဆိုးကန်	၁၆
၄။	Saimu (dates uncertain) ဆအိမု	၁၇
၅။	Tadatomo (dates uncertain) တဒတိုမို	၁၈
၆။	Gensatsu (1606-1689) ဂင်စတ်စု	၁၉
၇။	Soin (1604-1682) ဆိုးအင်	၂၀

http://nyisay.com

၈။ Shoi (dates uncertain) ၂၀
သျှိုးအိ
၉။ Tsunenori (d.1682) ၂၂
တစုနေနိုရိ
၁၀။ Gonsui (1650-1722) ၂၃
ဂွန်စုအိ
၁၁။ Onitsura (1661-1738) ၂၃
အိုနစ်တစုရ
၁၂။ Chiyo (1701-1775) ၂၈
ချိယို
၁၃။ Fugyoku (dates uncertain) ၃၂
ဖုဂျိုကု
၁၄။ Sodo (1643-1716) ၃၃
ဆိုဒို:
၁၅။ Raizan (1653-1716) ၃၄
ရအိဇန်
၁၆။ Kodo (d.1738) ၃၅
ကိုဒို:
၁၇။ Gakoku (early 18th cent.) ၃၆
ဂကိုကု
၁၈။ Basho (1644-1694) ၃၇
ဗသျှိုး

http://nyisay.com

၁၉။ Kikaku (1661-1707) ၆၀
ကိကကု

၂၀။ Ransetsu (1654-1707) ၆၉
ရန်စက်တစု

၂၁။ Kyorai (1651-1704) ၇၆
ကိယိုရအိ

၂၂။ Joso (1662-1704) ၈၁
ဂျိုးဆိုး

၂၃။ Boncho (d.1714) ၈၄
ဗွန်ချိုး

၂၄။ Izen (1646-1711) ၈၆
အိဇင်

၂၅။ Kyoroku (1656-1715) ၈၈
ကိယိုရောကု

၂၆။ Sanpu (1647-1732) ၉၁
စမ္ပူ

၂၇။ Rotsu (1651?-1739?) ၉၂
ရိုတဆူ

၂၈။ Tokoku (d.1690) ၉၅
တိုကိုကု

၂၉။ Otokuni (dates unknown) ၉၆
အိုတိုကုနိ

http://nyisay.com

၃၀။ Yasui (1657-1743) ယစုအိ	၉၇
၃၁။ အကြောင်းအရာအညွှန်း	၉၉
၃၂။ မူရင်း ဂျပန်ဟိုက္ကူများ	၁၀၂
၃၃။ ကျမ်းကိုးစာရင်း	၁၀၆
၃၄။ လေ့လာရန် စာအုပ်များ	၁၀၇

http://nyisay.com

မိတ်ဆက်စကား

ကျွန်တော်သည် မြန်မာများကို ဂျပန်ဟိုက္ကူကဗျာနှင့် မိတ်ဆက်ပေးချင်ပါသည်။ ကျွမ်းကျင်လို့ မဟုတ်ပါ။ မနေတတ်လို့ ဖြစ်ပါသည်။

ဟိုက္ကူသည် ဂျပန်စာပေလောကတွင် အလွန်ထင်ရှားပါသည်။ မည်သည့်အခါက စတင်ပေါ်ပေါက်သည်ဟု ဆရာတို့ မဆိုကြသော်လည်း ဟိုက္ကူမျိုးစေ့ကို ၁၂ ရာစု ကဗျာတို့တွင် တွေ့ရသည်ဟု ဆိုပါသည်။ ၁၆ ရာစုတွင် တိုးပွား၍ ယနေ့တိုင် ရှင်သန်ဆဲ ဖြစ်ပါသည်။ အင်္ဂလိပ် ဘာသာနှင့် ဟိုက္ကူများပင် အမေရိကတွင် ထွန်းကားနေပါသည်။

ဟိုက္ကူကဗျာ၏ ပုံစံမှာ စာသုံးကြောင်း ရှိပါသည်။ ပထမ စာကြောင်းတွင် ဝဏ္ဏ ၅ လုံး၊ ဒုတိယစာကြောင်းတွင် ၇ လုံး၊ တတိယစာကြောင်းတွင် ၅ လုံး၊ စုစုပေါင်း ဝဏ္ဏ ၁၇ လုံး ရှိပါသည်။ တစ်ခါတစ်ရံကား ခြွင်းချက်ရှိတတ်ပါသည်။

အကြောင်းအရာအားဖြင့်ဆိုလျှင် ဟိုက္ကူစာဆိုတို့သည် ရာသီဥတုကို ထီးခရိုင်အဖြစ်ထား၍ ရာသီဥတုအခြေအနေကို ထီးလက်ထီးအုံအဖြစ်

http://nyisay.com

ဆောက်ပြီးလျှင် ခံစားမှုကို ထိုးရွှက်၊ ပန်းပွား၊ အဆင်တန်ဆာများအဖြစ် မွမ်းမံ ဆင်ယင်ကြပါသည်။ ဤစာအုပ်တစ်နေရာတွင် ထည့်ထားသည့် အကြောင်းအရာ အညွှန်းကိုကြည့်လျှင် အတန်အသင့် အကဲခတ်နိုင်ပါလိမ့်မည်။

ဂျပန်ဟိုက္ကူကို လေ့လာသောအခါ ပထမသော်ကျွန်တော် တွေဝေမိပါသည်။ အထပ်ထပ် လေ့လာသောအခါတွင်ကား ကဗျာအရသာကို တဖြည်းဖြည်း ခံစားမိလာပါသည်။ ထို့ပြင် ဂျပန်စာဆိုတို့၏ စေ့စပ်သေချာမှု၊ သိပ်သည်းကျစ်လျစ်မှု၊ စနစ်ဇယားရှိမှု၊ စည်းကမ်းရှိသေမှု၊ ချွေတာခြိုးခြံမှု၊ စွဲလမ်းခိုင်မြဲမှု၊ ထကြွထက်သန်မှု၊ ကြိုးစားအားထုတ်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု စသော ကြည်ညိုဖွယ်ဂုဏ်တို့ကို တွေ့လာပါသည်။ ထို့ကြောင့် ကျွန်တော် အပင်ပန်းခံ၍ ဤစာအုပ်ကို ရေးပါသည်။ အမျှဝေလိုသော ဆန္ဒပေါ်လာ၍ ပုံနှိပ်ထုတ်ဝေပါသည်။

မကျွမ်းကျင်သည်ကို လုပ်သည်ဖြစ်သောကြောင့် ချို့တဲ့ချွတ်ယွင်းပိုမိုသည်တို့ အများအပြား ပါပါလိမ့်မည်။ ဤအချို့အတဲ့ အချွတ်အယွင်းအပိုအမိုတို့ကို ပညာရှင်တို့ အသင့်အတင့် နှလုံးသွင်းကြပါရန် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း မေတ္တာရပ်ခံပါရစေ။ အထိုက်အလျောက် ကျေးဇူးပြုသည်ဆိုပါကလည်း သာဓုခေါ်ကြပါဟု တောင်းပန်လိုပါသည်။ စာဆို ၃၀ ၏ ဟိုက္ကူ ၉၅ ပုဒ် ပါရှိပါသည်။

မင်းသုဝဏ်

၁၈၊ ထွန်းလင်းရိပ်သာ၊ ကမာရွတ်
၁၃၄၁ ခု၊ ဝါဆိုလ။

http://nyisay.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁

ကြွေလွင့် ပန်းပွင့်များ
နောက်က အပြေးလိုက်လို့သွား –
မုန်တိုင်းလေတကား။ ။

တေအိုက (၁၁၆၂–၁၂၄၁)

မုဆိုးကလိုက်၍ သားကောင်က ပြေးသည်။ ဤကဲ့သို့ပင် မုန်တိုင်းက လိုက်၍ ပန်းများက ပြေးသည်။

လေကြမ်းထဲတွင် ပန်းများ ကြွေလွင့်သည်ကို မြင်ရသော စာဆိုသည် တစ်ချိန်တည်းမှာပင် မုဆိုးရှေ့တွင် သားကောင်ပြေးသည်ကို မြင်ယောင်

http://nyisay.com

လာသည်။ ထို့ကြောင့် လေတွင် ပန်းပွင့်လွင့်သည်ဟု သဘာဝနှင့်အညီ ရေးမည့်အစား ပန်းပွင့်ကို လေက အပြေးလိုက်သည်ဟူ၍ အသက်မရှိသော ပန်းနှင့် လေကို အသက်သွင်းကာ ရေးလိုက်သည်။ ဤသို့ရေးခြင်းဖြင့် ကြွေသောပန်းပွင့်များကို စာဆိုက သနားကြင်နာ ဖြစ်နေသည်ဟု ထင်ဖွယ်ရှိသည်။

ဤကဗျာ၏ ဂျပန်မူရင်းတွင် **ပန်း** ဟူ၍သာ ပါသည်။ ဂျပန်စာပေတွင် **ပန်း**ဟု သာမန်ဆိုသော်လည်း ဂျပန်စကား **ဆကုရ**၊ အင်္ဂလိပ်စကား **ချယ်ရီ**ကို ဆိုသည်ဟု မှတ်ယူရသည်။ ချယ်ရီပန်းသည် ဂျပန်လူမျိုးများ အလွန်မြတ်နိုးသော အမျိုးသားပန်းဖြစ်သဖြင့် **ပန်း**ဟုဆိုလျှင် ဆကုရပန်းဟု နားလည်နေကြတော့သည်။

စာဆိုမှာ ဖုဂျိဝရ၊ နို၊ တေအိက ဖြစ်သည်။ ဂျပန်ရာဇဝင်၊ ကမာကုရခေတ်ဦးပိုင်းတွင် ထင်ရှားသော စာဆိုတစ်ဦး ဖြစ်သည်။ ဆယ်ကျော်သက် အရွယ်က စတင်၍ စာဆိုကောင်းတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသည်။ မင်းချီးမြှောက်ခြင်းလည်း ခံရသည်။ နန်းတော်တွင် အတွင်းဝန်အဖြစ် ခစားရသည်။ သို့သော်လည်း ကဗျာအယူအဆတွင် မင်းနှင့် သဘောချင်း မတိုက်ဆိုင်၍ နောင်သောအခါ မျက်နှာငယ်ကာ မထင်မရှားဖြစ်ရသည်။

ဤစာဆိုကြီး စုဆောင်းတည်းဖြတ် ဖွင့်ဆိုခဲ့သည့် ရှေးဟောင်း ကဗျာပေါင်းချုပ်များနှင့် စကားပြေညွှန့်ပေါင်းများသည် ဂျပန်စာပေလောက အတွက် သမိုင်းဦး တန်ဆောင်တိုင်များ ဖြစ်သည်ဟု စာပေ ဝေဖန်ရေးသမားများက မှတ်ချက်ချကြသည်။

http://nyisay.com

J

တိမ်ထဲမှာ တောင်နိုး
လျှိုထဲမှာ ဟင်းမြည်တမ်း
တောင်မှာ ခြေသွားလမ်း။ ။

ဆိုးဂီ (၁၄၂၁–၁၅၀၂)

ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ ရှေ့နောက် တန်းစီ၍ မြွားဦးပုံ ပျံသန်းနေသည့် တောငန်းများကို မြင်ရသည်။ အောက်ကို ငုံ့ကြည့်လိုက်သောအခါ လျှိုမြောင်ထဲရှိ တောင်ကျစမ်းရေတွင် မြူးထူးနေကြသည့် ဟင်းများ၏ အော်မြည်သံကို ကြားရသည်။ တောင်စောင်းတောင်ခါးပန်းတွင်ကား လူသွားလမ်းကလေး ကောက်တိကောက်ကွေး။ ဤရူပါရုံနှင့် သဒ္ဒါရုံသည် စာဆို၏ နှလုံးကို ရွှင်မြူးစေသည်။ ထို့ကြောင့် ဤပန်းချီကားကဗျာ ရိုးရိုးရှင်းရှင်းကလေး ဖြစ်ပေါ်လာသည်။

စာဆိုသူမှာ ဆိုးဂီ ဖြစ်သည်။ ဆိုးဂီသည် ဘုန်းကြီးဖြစ်သည်။ လက်ရေးလှ ရေးတတ်သည်။ လက်ဖက်ရည်ပွဲ ပညာကျွမ်းကျင်သည်။ ပန်းချီရေးကောင်းသည်။ ခရီးသွား ဝါသနာပါသည်။ ခရီးသွားခိုက် ကဗျာဖွဲ့.ဆိုလေ့ရှိသည်။

ဆိုးဂီတို့ကာလတွင် စစ်မက်အဂ်ါကြီးသည်။ ဆိုးဂီသည် အချင်းချင်း မုန်းတီးတိုက်ခိုက် သတ်ဖြတ်မှုကို မကြိုက်။ စစ်ကို ရှောင်ကွင်းနိုင်ရအောင် အနယ်နယ်ကို လှည့်၍ ရှစ်နှစ်ခန့် ခြေသလုံးအိမ်တိုင် လုပ်ခဲ့ဖူးသည်။ တစ်ခါသော် ဆိုးဂီသည် ဤသို့ရေးသားကာ မိမိ စိတ်ထားကို ဖော်ပြခဲ့သည်။

http://nyisay.com

ငါ အသက် ၆၀ ရှိပြီ။ သေခြင်းတရား လှိုင်းတို့သည် ငါ၏ ကမ်းကို ရိုက်ခတ်နေကြပြီ။ သို့သော်လည်း ငါ၏ နှားသည် ကွန်ဖျူးရှပ်၏ နှားကဲ့သို့ မနှာခံ။ ငါသည် နွေဦးပန်းတို့နှင့် လည်း ကောင်း၊ ဆောင်းဦး လသော်တာနှင့် လည်းကောင်း၊ မနက်ခင်း နှင်းရည်ကို စောင့်မျှော်ကာ ညခင်းလေပြည်ကို ငုံလင့်ကာ ဘဝ ကို ပေါ့ပေါ့တန်တန် ဖြုန်းခဲ့သည်။ ငါဘဝ၏ နှင်းစက်သည် မြက်ဖျားထက်တွင် တုန်လှုပ်နေသည်။ မည်မျှ တုန်လှုပ်နေနိုင် ပါဦးမည်နည်း။ သံသရာကို ဂရုမပြုဘဲ တာဝန်လစ်ဟင်းစွာ နှင့် လောကီအရာတို့ကို စွဲငြိနေမိသည်အတွက် ငါ စိတ်ဆင်းရဲ ပါဘိ၏။

၃

မြန်မြန် ကြွေပေမယ့်
ကြာကြာ စောင့်မျှော်စေတတ်ကဲ့ –
ချယ်ရီ့စိတ်ထားကွယ်။ ။

ဆိုးဂီ

နွေဦးပေါက်သောအခါ ချယ်ရီပန်းများ ဝေဝေဆာဆာ ပွင့်ကြသည်။ ခြံထဲမှာ ခြံလုံးကျွတ်။ တောထဲမှာ တောလုံးကျွတ်။ တောင်ပေါ်မှာ တောင်လုံးကျွတ်။ ဂျပန်လူမျိုး ကျားမကြီးငယ်တို့ စမြိန်စာထုပ်ကိုယ်စီ နှင့် အိမ်မှထွက်ကာ ချယ်ရီ၏အလှ အရသာကို ကြည့်ရှု ခံစားကြသည်။

http://nyisay.com

ချယ်ရီအောက်တွင် လူတွေ တဖွေးဖွေး။ သို့သော်လည်း ချယ်ရီကား ကြာကြာမနေ။ ရက်ပိုင်းအတွင်း အကုန်ကြွေတော့သည်။ ဒီရက်ပိုင်းမျှကို မျှော်ခေါ်၍ တစ်နှစ်မျှ လူတို့ စောင့်ခဲ့ကြရသည်။ ဤသဘောကို ဆိုးဂီက ဖွဲ့ဆိုသည်။ ချစ်စနိုးနှင့် ဤသို့ဆိုသလား။ မကျေနပ်၍ ဤသို့ဆိုသလား။ သို့တည်းမဟုတ်ပါက ကြာရှည်စွာ ခဲခဲယဉ်းယဉ်း ရှာဖွေမှရသည့် လောကီစည်းစိမ်၏ တိုတောင်းသော ချမ်းသာမှုကိုပင် ဘုန်းကြီးပီပီ သံဝေဂယူကာ ဆိုလေသလား။ ဆင်ခြင်စရာပင်။

၄

လမ်းဘေး မြက်တောက
မနက်နှင်းပေါက် ပွတ်တိုက်ချ –
ရေမဲ မိုးမခ။ ။

ဆိုးဂီ

ရေမဲပင် ဟူ၍လည်းကောင်း၊ မိုးမခပင် ဟူ၍လည်းကောင်း ခေါ်သော တောင်ပေါ်သစ်ပင်သည် ရှည်လျား ပျော့ပျောင်းသော အကိုင်းတို့နှင့် လေပြည်ထဲတွင် ယိမ်းနွဲ့နေတတ်သည်။ ထိုအခါ လက်ချောင်းပမာ သွယ်လျသော မိုးမခရွက်တို့သည် လေပြည်တွင် ဒန်းလွဲလျက် မြက်ပေါ်တွင် တလက်လက် တောက်ပနေသည့် နှင်းပေါက်များကို ပွတ်တိုက်ချနေသကဲ့သို့ ရှိသည်။ ဤတွင်လည်း ဘုန်းတော်ကြီး ဆိုးဂီသည် အလှကို ကြည့်၍ သံဝေဂယူလေသလား။

http://nyisay.com

၅

လမင်း ဝင်ပြီကွယ်
မနက်ဒိဂရေ စီးမြှုန်တယ် –
နွေဥတု ပင်လယ်။ ။

ဆိုးဂီ

ဤသည်လည်း ပန်းချီဆရာဆိုးဂီ၏ ပင်လယ်ရှုခင်း ကဗျာတစ်ပုဒ် ဖြစ်သည်။ သူ့ကဗျာတို့သည် ပန်းချီဆရာ၏ စုတ်ချက်များနှင့် လွတ်ကင်းလှသည် မရှိလှ။ မငြိမ်မသက်သော ပင်လယ်ရေပြင်တွင် တလှုပ်လှုပ် အရိပ်ထင်နေသည့် လမင်းကို ကြည့်ရှုနေခိုက် လမင်းသည် တရိပ်ရိပ်နှင့် ပင်လယ်ရေထဲကို လျှိုးဝင်မြုပ်ဟောက်သွားသည်။ ဤနွေဥတုပင်လယ်၏ သဘောတွင် ဆိုးဂီသည် မည်သို့ အတွေးရောက်သနည်း။ အလှတရား၏ တိုတောင်းသော သဘော၊ ပျက်စီးယိုယွင်းတတ်သော သဘော၊ မတွယ်တာ အပ်သော သဘောတို့ကို မြင်လေသလား။ သို့မဟုတ်ပါက နံနက်ခင်း၏ တင့်တယ်သော အလှသဘောကို သက်သက်ဖော်ကျူးထားလေသလား။

၆

မျှစ်စို့ ဝါးရုံထဲ
ဝဝတုတ်တုတ် ဖြစ်တာလဲ
မိဘကျေးဇူးပဲ။ ။

ဆိုးကန် (၁၄၅၈–၁၅၄၆)

http://nyisay.com

ဂျပန်စကားတွင် မျှစ်ကို **တကေနိုကို**ဟု ခေါ်သည်။ စကားတစ်လုံးချင်း အဓိပ္ပာယ်ကောက်လျှင် ဝါး၏သားကလေး ဖြစ်သည်။ သို့ဖြစ်ပါက ဝါး၏သားကလေးခေါ် မျှစ်တွင် မိဘရှိရမည်။ ယင်းမိဘကား ဝါးပင်ကြီး ပေတည်း။ ဝါးပင်ကြီး၏ ကျေးဇူးကြောင့် ဝါးသားကလေး မျှစ်စို့ပေါက် ဖြစ်ရသည်။ ဤကား ကျွန်တော်၏ တွေးဆချက်မျှသာ။ ပေါ့ပေါ့တန်တန် နှင့် ဟာသဆန်နေမည်လားမသိ။

သို့သော်လည်း စာဆို ဆိုးကန်သည်ကား တကယ်ပင် မိဘကျေးဇူး ကို ရည်စူး၍ ရေးသည်ဟု ဆိုပါသည်။ ဆိုးကန်သည် ဆမူရအိသူရဲကောင်း ဖြစ်သည်။ မင်းထံတွင် ခစားသည်။ မိမိနှင့် သက်တူရွယ်မျှဖြစ်သော မင်း၏ သာသနာရေး၊ စာပေရေး ကြီးပမ်းမှုတို့တွင် ကိုယ်ထိလက်ရောက် အားပါးတရ ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း မိမိ သခင်မင်းသည် စစ်ချီရာတွင် မမာမကျန်းဖြစ်၍ ငယ်ငယ်ရွယ်ရွယ်နှင့် ကံကုန်သွားသော အခါ ဆိုးကန်သည် အနိစ္စတရားကိုမြင်၍ ဘုန်းကြီးဝတ်သည်။ ကျောင်း သခ်ၤမ်းကလေးတစ်ခုတွင် ရိုးရိုးကလေးနေကာ စာပေကြည့်ရှုရင်း ဟိုက္ကူ များ ရေးခဲ့လေသည်။

၇

ဟောင်းလောင်းအခွံမှာ
သူ့ကိုယ်နိုဂုံးချုပ်ရက္ခာ –
ပုစဉ်း၏ ကြမ္မာ။ ။

ဆအိမု (သက္ကရာဇ်မသိ)

http://nyisay.com

ကျိုတိုမြို့ ဝါဂွမ်းကုန်သည် ဆအိမု ရေးသော ဤကဗျာသည် ပုစဉ်းရင်ကွဲ အကြောင်း ဖြစ်သည်။ နွေရာသီတွင် ပုစဉ်းရင်ကွဲ၏ အသဲကို ဂျပန်ပြည်၌ ရှောင်၍ မလွတ်နိုင်ပါ။ ကလေးသူငယ်တို့သည် ပုစဉ်းရင်ကွဲများကို ဖမ်း၍ လှောင်ချိုင့်နှင့်မွေးကာ မြည်သံကို နားထောင်ကြသည်။ ဤသို့ ပုစဉ်းရင်ကွဲ၏ ဘဝနှင့် နီးစပ်သော ဂျပန်စာဆို ဆအိမုသည် သစ်ပင်တွင် တွယ်ကပ်၍ ကျန်ရစ်ခဲ့သည့် ပုစဉ်းရင်ကွဲ၏ အရေခွံကို ကြည့်ကာ ဤဟိုက္ကူကို ဆိုခဲ့သည်။ သေသောအခါ အရိုးစုများသာ ဖြစ်သည် တကားဟု တရားသံဝေ ယူလေသည်လားဟု တွေးတောစရာ ဖြစ်သည်။

၈

မီးသွေးခဲအဖြူ
တစ်ခါတုန်းက ဖြစ်ပါမူ
နှင်းဖုံးသစ်ကိုင်းဖြူ။ ။

တဒတိုမို (သက္ကရာဇ်မသိ)

ဂျပန်ပြည်တွင် အဖြူရောင်မီးသွေး ရှိသည်။ လက်ဖက်ရည်ပွဲ ကျင်းပသော အခါများတွင် ရေနွေးကျိုရန် အလှအပ သုံးကြသည်။ ယင်းမီးသွေးခဲ အဖြူကို မြင်သောအခါ စာဆို တဒတိုမို၏ မျက်စိရှေ့တွင် ရုတ်တရက် ပေါ်လာသည်မှာကား ဆောင်းဥတုအခါ နှင်းခဲတို့ ဖုံးအုပ်နေ၍ ဖြူဖွေး နေသော သစ်ကိုင်း ဖြစ်သည်။ ဤသစ်ကိုင်းကို ဖုတ်၍ ဖြစ်လာသော

http://nyisay.com

မီးသွေးဖြူ။ သစ်ကိုင်းနှင့် မီးသွေးတို့သည် ဤအဖြူရောင် ကြားခံပစ္စည်း ဖြင့် ဆက်သွယ်မှုရှိသည်ကို ဟိုက္ကူကဗျာ၏ သဘာဝနှင့်အညီ စာဆိုက စီကုံးလိုက်ခြင်း ဖြစ်သည်။

၉

စဉ်းသွားမြားအောက်မှာ
မိခင်နို့ချို စို့နေရှာ –
သမင်ကလေးပါ။ ။

ဂင်စတ်စု (၁၆၀၆–၁၆၈၉)

ဤကဗျာရေးသူ ဂင်စတ်စုသည် ၁၆၈၉ ခု အသက် ၈၃ နှစ်တွင် ကျိုတိုမြို့၌ အနိစ္စရောက်သော သမားတော်တစ်ဦး ဖြစ်သည်။ သူသည် စကားလုံးများကို မျက်လှည့်ပြကာ ကစားတတ်သည်ဟု ထင်ရှားသည်။

မြားလက်နက်ပုံများဖြင့် ပန်းရိုက်ထားသော ကီမိုနိုအင်္ကျီကို ဝတ် ထားသည့် သားသည် မိခင်ပျိုသည် သမင်မွေးရောင်အထည်ကို ဝတ်ထား သည့် သားငယ်အား နို့ချိုတိုက်ကျွေးနေသည်။ ဤမြင်ကွင်းကိုပင် မြား အောက်၌ မကြောက်နိုင် မရဲ့နိုင်ဘဲ မိမိ၏ ဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ရန် သမင်ငယ်သည် မိခင်နို့ချိုကို စို့နေသယောင်ယောင်၊ သားငယ်၏ ဆာလောင်မွတ်သိပ်ခြင်းကို ဖြေဖျောက်ရမည်ဖြစ်၍ မြား ကိုပင် မကြောက်နိုင်ဘဲ မိခင်က စွန့်စားနေသယောင်ယောင် ဖြစ်အောင် ဖွဲ့ဆိုလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း စာဆို၏ ရွှင်သောဉာဏ်၊

http://nyisay.com

သနားတတ်သောစိတ်၊ အလှကိုမြင်တတ်သော သဘောတို့မှာ ထင်ရှားပေါ်လွင်လျက်ရှိပါသည်။

၁၀

ချယ်ရီပန်းလှတို့
ငေးမော မျှော်စိုက်ကြည့်နေလို့
ကုပ်ရိုး ညောင်းတယ်ဖျို့။ ။

ဆိုးအင် (၁၆၀၄–၁၆၈၂)

စာဆို ဆိုးအင်သည် သူတို့လောကတွင် ခေတ်စားနေသည့် အကျော့အမော့ အလှအပ ကဗျာဝါဒကို တော်လှန်ကာ ကဗျာမဆန်၊ ခံတွင်းမတွေ့၊ အရုပ်ဆိုး အကျည်းတန်သည်ကို ဖွဲ့ဆိုသောကဗျာဝါဒအသစ်ကို သွတ်သွင်းလျက် ဂိုဏ်းသစ်ထောင်သော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဂျပန်ကဗျာမူရင်းမှာ ယခု မြန်မာပြန်မူကဲ့သို့ ဝေဝေဆာဆာ မဟုတ်ပါ။ ပန်းကို ငေးကြည့်နေလို့ ကုပ်ရိုး နာတယ်–ဟု ဖြစ်ပါသည်။ မြန်မာပြန်ရာတွင် ဝဏ္ဏ ဆယ့်ခုနစ်လုံးစေ့အောင် စကားပိုများကို ထည့်ရသဖြင့် ဆိုးအင်၏ ကဗျာဝါဒကို ချိုးဖျက်နေသကဲ့သို့ ရှိပါသည်။

၁၁

နှင်းကြောင့် စုတ်ပြတ်ရာ
ရှေးမူဇာတိ ပြန်ပေါ်လာ –
ထီးအုံရိုးစုပါ။ ။

သျှိုးအိ (သက္ကရာဇ်မသိ)

http://nyisay.com

စာဆို သျှိုးအိသည် နှင်းပွင့်နှင်းခဲများ၏ ဒဏ်ရာဒဏ်ချက်ကို မခံနိုင်၍ စက္ကူထီးရွက် စုတ်ပြတ် ကြွေကျသောကြောင့် ထီးခရိုင် ထီးအုံအရိုးစုမျှ ကျန်သည်ကိုမြင်၍ ဤကဗျာကို ဖွဲ့ဆိုသည်။ ဆင်းရဲသား သူဌေးဖြစ်သူသည် တစ်ခုခုသော ပယောဂကြောင့် သူဌေးအဖြစ်မှ လျှောကျရသောအခါ ဆင်းရဲသား ပြန်ဖြစ်ရသည်ကို မြင်၍များ ဤကဗျာကို တင်စားရေးလေသလား။ စဉ်းစားစရာ ဖြစ်သည်။ ဤလောကခံတရား မျိုးကား လောကတွင် အလွန်ထင်ရှားပါသည်။

၁၂

လေပြင်းတိုက်စုရာ
လဝန်းပုံကြီး ဖြစ်လို့လော –
ပိန်းရွက်နှင်းပေါက်ပါ။ ။

သျှိုးအိ

သျှိုးအိ၏ နောက်ကဗျာတစ်ပုဒ်။ ပိန်းရွက်ပေါ်တွင် အစက်အပေါက်များဖြစ်၍ သီးနေသော နှင်းစက်နှင်းပေါက်များတွင် လရောင်သည် တလက်လက် ဟပ်ကာ တောက်ပနေသည်။ ထိုအခိုက် လေပြင်းတိုက်၍ ပိန်းရွက်လှုပ်သောအခါ နှင်းစက် နှင်းပေါက်များသည် လှုပ်ရှားရွေ့ပြောင်းကာ ပိန်းရွက်အလယ်က ခွက်တွင် စုပေါင်းမိကြသည်။ ထိုအခါ အကွဲကွဲတောက်ပခဲ့သော လရောင်များသည် စုပေါင်းလာသော နှင်းရည်ကွက်တွင် လမင်းကြီးပုံ ဖြစ်ပေါ်လာသည်။ ဤအခြင်းအရာကို သတိပြုမိ၍ သျှိုးအိသည် ဤကဗျာကို ရေးသည်။ အကွဲကွဲအပြားပြားဖြစ်နေသော

http://nyisay.com

အင်အားကို စုရုံးမိသောအခါ အင်အားကြီးတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု သင်ကြားပေးနေသယောင်ယောင် ဖြစ်သည်။

၁၃

ခြင်တိုင်လုံးများမှာ
မီးခိုးရွေဖျင်းခံရပါ –
နေဝင်ဖျိုးဖျခါ။ ။

တစုနေနိုရို (၁၆၈၂ တွင် ကွယ်လွန်)

သစ်တုံးကို တံစည်းဖြင့် ရွေသောအခါ ဖျင်းသောအခါ တဖြည်းဖြည်း ပိန်ကြို့ သေးငယ်သွားသည်။ ဤအခြင်းအရာကို စာဆို တစုနေနိုရို သတိပြုမိပုံရသည်။ သူလည်း နွေရာသီ နေဝင်ဖျိုးဖျအချိန် တောချုံတို့မှ ခြင်များ အုပ်လိုက်အုပ်လိုက် ပျံသွားသည်ကို မြင်သည်။ ခြင်ထုကြီးသည် တစ်ကောင်နှင့်တစ်ကောင် ပတ်ချာလှည့်၍ ဝိုင်းကြီးပတ်ပတ် ပျံနေရာတွင် သစ်တုံးကြီး တိုင်လုံးကြီးသဏ္ဌာန် ဖြစ်ပေါ်လာသည်။ ဤခြင်တပ်ကြီးကို ဖြိုရန် လူတို့က မီးခိုးထည့်သည်။ မီးခိုးသည် လေတွင် လွင့်တက်၍ ခြင်တိုင်လုံးနှင့် တွေ့ထိသောအခါ ခြင်တိုင်လုံးသည် ပါး၍ ပါး၍ ပိန်ကြို့သွားသည်။ ဤသည်ပင် တစုနေနိုရိအတွက် နိမိတ်ပုံ ဖြစ်လာသည်။

လူတို့၏ ညနေချိန် နေဝင်ဖျိုးဖျဖြစ်သော အိုမင်းမစွမ်းအရွယ်တွင် ဇရာတရား၊ ဗျာဒိတရားများက ဖိစီး၍ ယိုယွင်းပျက်စီးသည်ကို တွေးခေါ်နိုင်ပါသည်။

http://nyisay.com

၁၄

ဆောင်းလေကြမ်း နိုဂုံး
ချုပ်လေပြီ ယခု နောက်ဆုံး -
ပင်လယ်သံ အုန်းအုန်း။ ။

ဝွန်စုအီ (၁၆၅၀–၁၇၂၂)

ဤကဗျာ၏ ဂျပန်မူရင်းကို ကျွန်တော် နားလည်သမျှ တစ်လုံးချင်း ပြန်လျှင် လေအေးကြမ်း၏အဆုံးသည် ဖြစ်ခဲ့ပြီတကား။ ပင်လယ်၏ အသံဟု ဖြစ်ပါသည်။ မြန်မာပြန်ချက်တွင် အဆာများ ပါရှိနေသည်ကို သတိပြုရန် ရှိပါသည်။ စာဆို ဝွန်စုအီသည် ဤကဗျာဖြင့် နာမည်ထွက်လာသည်ဟု ဆိုပါသည်။ ဤကဗျာသည် နောင်လာလတ္တံ့သော ဗဿုိး၏ ကဗျာဝါဒဂိုဏ်းကို ကင်းထောက်သကဲ့သို့ဖြစ်ကြောင်း စာပေသမိုင်းဆရာတို့က မှတ်ချက်ချပါသည်။

၁၅

လေပြည်ညင်းတကား –
မိုးလုံးပတ်လည် ပြည့်လျှံသွား
ထင်းရှူးအသံများ။ ။

အိုနစ်တစုရ (၁၆၆၁–၁၇၃၈)

အိုနစ်တစုရဟူ၍ လည်းကောင်း၊ ခမိဂျိမ (ဥအေဂျိမ) အိုနစ်တစုရ ဟူ၍ လည်းကောင်း အမည်တွင်သော ဆမူရအိ သူရဲကောင်း စာဆို၏ ကဗျာ

http://nyisay.com

ဖြစ်သည်။ အိုနစ်တစုရ၏ ကဗျာဝါဒမှာ ဂျပန်ဘာသာတွင် **မကိုတို** ဖြစ်ပါသည်။ မြန်မာလို **အဖြစ်စစ် အဖြစ်မှန်** ဟု ပြန်နိုင်မည် ထင်ပါသည်။ သဘောမှာ အိုနစ်တစုရသည် ကဗျာဖွဲ့ရာတွင် အလင်္ကာတန်ဆာများမလို။ အဖြစ်ကို အဖြစ်အတိုင်း၊ အတွေ့ကို အတွေ့အတိုင်း စကားရိုးရိုးဖြင့် မသွယ်မဝိုက် ရေးခြင်းသည်သာ ကဗျာဖြစ်သည်ဟု ယုံကြည်သည်။ **မကိုတို နိ ဟိုက နိ ဟအိကအိ နသျှိ**။ အဖြစ်မှန်၏ အပြင်အပတွင် ကဗျာမရှိဟု ဆိုလိုပါသည်။

အထက်ပါကဗျာသည် ဤကဗျာဝါဒအတိုင် ဖြစ်ပါသည်။ လေပြည်လေညင်း ဆော်သွေးလာသဖြင့် ထင်းရှူးတောတွင် ထင်းရှူးခက်၏ အသံများ သာသာယာယာ ပေါ်လာသည်ဟု ဆိုထားသော်လည်း တကယ်မှာမူ ငြိမ်းချမ်းမှုရှိသဖြင့် လောကကြီး မြူးရွှင်သည်ကို ဖွဲ့ဆိုထားသည်ဟု ယူနိုင်ပါသည်။

အိုနစ်တစုရက ဆိုပြန်ပါသေး၏။ **မကိုတို** (အဖြစ်မှန်) သည် မိခင်၏ ရင်ခွင်တွင် နို့ချိုသောက်သုံးရင်း ပန်းပွင့်ကို ပြုံးကြည့်ကာ လမင်းကို လက်ညှိုးထိုးပြသော ကလေးငယ်နှင့် တူသည်ဟု ဆိုပြန်ပါသေး၏။ ကဗျာဆရာတို့သည် ကလေးငယ်၏ မျက်စိဖြင့် သဘာဝကို ကြည့်ရမည်ဟု တိုက်တွန်းကာ စာပေတတ်ခြင်းသည် လှည့်ဖြားမှုအဆိုးတရား ဖြစ်သည်ဟုလည်း ပစ်ပယ်လေသည်။ သူ၏ ကဗျာအချို့ကို ဆက်လက် လေ့လာကြည့်ပါဦး။

http://nyisay.com

၁၆

ချောက်ကြား စမ်းရေမြေ
ကျောက်ခဲများလဲ တေးဆိုကြ
တောင်ချယ်ရီ ပန်းလှ။ ။

အိုနစ်တစုရ

တောင်ကျစမ်း၏ ရေစီးအဟုန်ကြောင့် စမ်းတွင်းရှိ ကျောက်တုံး ကျောက်ခဲများ ရွှေ့လျားတိုးဝှေ့ကာ အသံမြည်သည်ကို ချယ်ရီပန်းများ လှပတင့်တယ်သောကြောင့် ကျောက်ခဲများပင် တေးဆိုကြသည်ဟု ဆိုထားပုံ ရပါသည်။ အဖြစ်စစ် အဖြစ်မှန်ဝါဒနှင့် မစပ်ဟပ်သကဲ့သို့ ရှိပြန်ပါသည်။

၁၇

ဖိုမောက် ထိုးဖောက်ချင်း
ဆောင်းဦးရာသီ ကောင်းကင်တွင်း
ဖူဂျိ ငွေတောင်မင်း။ ။

အိုနစ်တစုရ

ဖူဂျိတောင်ထွတ်သည် ဂျပန်ပြည်တွင် ကျော်စောသော အင်္ဂါတစ်ရပ်ဖြစ်သော်လည်း နွေရာသီတွင် မြူကြောင့် မြင်ရဖို့မလွယ်။ ဆောင်းရာသီတွင် နှင်းကြောင့် မြင်ရဖို့မလွယ်။ သို့သော်လည်း မြူနှင်းများကင်းစင်

http://nyisay.com

သော နွေနှောင်း ဆောင်းဦးကြားရာသီတွင်ကား ဖူဂျီတောင်ထွတ်ကို နှင်းဖြူဖွေးဖွေးနှင့် ထင်ထင်ရှားရှား မြင်နိုင်သည်။

၁၈

မျက်စိ အလျားလိုက်
နှာခေါင်းကတော့ ထက်အောက်စိုက်
ပန်းက နွေဦး၌။ ။

အိုနစ်တစုရ

မျက်စိ အတန်းလိုက် တန်းနေသည်မှာ သဘာဝ။ နှာခေါင်းထက်အောက် စိုက်နေသည်မှာ သဘာဝ။ နွေဦးအခါ ပန်းများ ပွင့်ကြသည်မှာ သဘာဝ။ ဤဟိုက္ကူသည် ကဗျာဟုတ်ချင် ဟုတ်ပေမည်။ သို့သော်လည်း မျက်စိပင် ဖြစ်ဖြစ်၊ နှာခေါင်းပင် ဖြစ်ဖြစ်၊ ပန်းပင်ပင် ဖြစ်ဖြစ် အခြေခံအားဖြင့် သဘာဝ တရား၏ ဩဇာကို ခံနေရသည်မှာ အတူတူပင် ဖြစ်သည်ဟု ဆိုရာရောက်ကြောင်း ပညာရှင်များက မှတ်ချက်ချပါသည်။

၁၉

ချိုးရေစွန့်ဖို့ရာ
နေရာရှာ၍ မတွေ့ပါ –
ဝိုးမှားမြည်သံသာ။ ။

အိုနစ်တစုရ

http://nyisay.com

ဂျပန်ပြည်တွင် ရေချိုးသည်မှာ စည်ပိုင်းထဲ ရေနွေးထည့်၍ လူက ရေနွေးထဲ ဆင်းကာ ချိုးသည်။ ပြီးလျှင် ချိုးရေကို တော်ရာတွင် သွန်ပစ်ရသည်။ ယခု အိုနစ်တစုရ ရေချိုးပြီးပြီ။ ညဦးမှောင်ရီတွင် ချိုးရေစွန့်ရန် အိမ်ပြင်သို့ ထွက်လာသည်။ သို့သော်လည်း ခြံထဲတွင် နံကောင်၊ ပုရစ်ကောင် စသည့် မြက်ကြားပိုးများ အော်မြည်နေသည်ကို ကြားရသည်။ သူ ချိုးရေကို သွန်လိုက်လျှင် ပိုးမွှားအော်သံ ရပ်သွားမည်ကို စိုးသည်။ ဂျပန်လူမျိုးတို့ကား ပိုးမွှားအော်သံကို နှစ်သက်ကြသည်။ တမင်လိုက်၍ နားထောင်ကြသည်။ ထို့ကြောင့် အိုနစ်တစုရမှာ ချိုးရေကိုစွန့်ဖို့ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရသည်။

၂၀

မှောင်သောညဖြစ်ငြား
နားတွင် လသာညတကား
ဥဩ ဥဩကျား။ ။

အိုနစ်တစုရ

မှောင်မိုက်သောည ဖြစ်သော်ငြားလည်း ဥဩကျား၏ သာယာသောအသံကို ကြားရသဖြင့် လသာသောညဟု ထင်မိကြောင်း ရေးထားခြင်းဖြစ်ပါသည်။ ဂျပန်တို့သည် အလှအရသာကို မျက်စိဖြင့် လည်းကောင်း၊ နှာခေါင်းဖြင့် လည်းကောင်း၊ လျှာဖြင့် လည်းကောင်း၊ ကိုယ်ဖြင့် လည်းကောင်း အပြည့်အဝ ခံစားတတ်ကြသည်။ ပိုးမွှားမြည်သံကို

http://nyisay.com

သဘောကျသည့်နည်းတူ ဥသြတွန်သဲကိုလည်း နှစ်သက်သည်။ သဘာဝကို လျစ်လျူမရှုတတ်သော အကျင့်ပါပေ။

၂၁

ကောက်ပင် စိမ်းလဲ့လဲ့-
ဗီလုံး ကောင်းကင် ပျံတက်ရဲ့ –
ဟိုမှာ ဆင်းပြန်ခဲ့။ ။

အိုနစ်တစုရ

စိမ်းလန်းသော ကောက်ပင်တို့အကြားမှ ဗီလုံးငှက်သည် မိုးပေါ်သို့ ပျံတက်သွားသည်။ ထို့နောက် မိုးပေါ်မှ ကောက်ပင်တို့အကြားသို့ ဆင်းပြန်ခဲ့သည်။ ဇာတိရပ်ရွာ ချက်မြေပြာ ခွဲလမ်းမှရှိပုံကို သရုပ်ဖော်ထားပုံရသည်။

၂၂

ပန်းလှ ကန်စွန်းနွယ်
ရေငင်ပုံးကြိုး သူကပ်တွယ် –
ရေကို တောင်းယူတယ်။ ။

ချိုယို (၁၇၀၁–၁၇၅၅)

အမျိုးသမီးစာဆို ချိုယို၏ အထက်ပါကဗျာကို ဖတ်ကြည့်ပါ။ ပထမ ၂ ကြောင်းနှင့် နောက်ဆုံးအကြောင်းတို့ မည်သို့ ဆက်သွယ်မှုရှိသည်ကို စဉ်းစားကြည့်ပါ။ ဟိုက္ကူလောကတွင် ဤကဗျာသည် ထင်ရှားပါသည်။

http://nyisay.com

ရိုးရာ အတွေးအခေါ်တို့အကြား၊တွင် ကြီးပြင်းလာကြသော ဂျပန်တို့ကား ဤကဗျာကို လွယ်လွယ်နှင့် နားလည်ကြပုံ ရပါသည်။ နားလည်၍ လည်း နှစ်သက်ကြပုံ ရပါသည်။ ဤကဗျာကို သရုပ်ဖော်သည့် ပန်းချီကားများကိုလည်း တွေ့ရဖူးပါသည်။

နံနက်စောစော ရွာသူအမျိုးသမီးငယ်တစ်ဦး ရေခပ်ထွက်လာသည်။ ရေတွင်းသို့ရောက်၍ ရေငင်ရန် ရေပုံးကို ကြည့်လိုက်သောအခါ ရေပုံးကြိုးတွင် ကန်စွန်းနွယ်တစ်ပင် တွယ်တက်နေသည်ကို တွေ့ရသည်။ ကန်စွန်းနွယ်ပန်းပွင့်ကလေးသည် နံနက် နေရောင်တွင် လန်းရွှင်နေသည်။ ဤကြိုးကို ဆွဲ၍ ဤရေပုံးနှင့် ရေငင်လျှင် ဤကန်စွန်းနွယ်ကလေး ပြတ်ရာတော့မည်။ သဘာဝအလှကို မြတ်နိုးသော အမျိုးသမီးငယ်သည် နောက်ဆုံး၌ အိမ်နီးချင်း မိတ်ဆွေထံမှ ရေတောင်းယူကာ အိမ်ပြန်သွားပါတော့သည်။

ချိယိုသည် ဂျပန်အမျိုးသမီးစာဆိုတို့တွင် လူကြိုက်အများဆုံးဖြစ်သည်ဟု သိရပါသည်။ သူ့အတ္ထုပ္ပတ္တိတွင် လွမ်းစရာ ဆွေးစရာ စိတ်ဝင်စားစရာ ပါးစပ်ရာဇဝင်ခန်း အများအပြား ပါဝင်နေသဖြင့် တကယ့် အဖြစ်မှန်ကို သိဖို့ရန် ခက်လှသည်ဟု စာပေသမိုင်းဆရာတို့က ရေးကြပါသည်။

ချိယိုသည် ၁၆ နှစ်သမီးအရွယ်လောက်ကစ၍ စာဆိုခဲ့သည်။ ဆရာမရှိ။ မိမိဘာသာ စာဆိုနေရာတွင် နောင်သောအခါ ဟိုက္ကူဆရာကြီးများနှင့် တွေ့၍ နည်းနာနယ သြဝါဒတို့ကို ခံယူပါသည်။ အိမ်ထောင်ပြုရာ၌ နှစ်အနည်းငယ်အတွင်း ခင်ပွန်းဆုံးသဖြင့် ချိယိုသည် ခေါင်းတုံးရိတ်ကာ သီလရှင်လုပ်ပါသည်။ ဟိုက္ကူများကိုလည်း ဆက်ရေးပါသည်။

ချိယို၏ အခြားကဗျာများကို ဆက်လက် ဖတ်ကြည့်ပါဦး။

http://nyisay.com

၂၃

ချီးသောသူတို့အား
ရန်ထုံလို့ငြင် ကြိုင်လို့သွား
မက်မန်း ပန်းပွင့်များ။ ။

ချိယို

ပန်းမရှိသော ဆောင်းဥတု၊ အလွန်အေးသော ဆောင်းဥတု ကုန်ဆုံး၍ ပန်းများဝေဆာသော နွေဦးရာသီ နေ့ွေ့ဖြင့် နွေးသော နွေဦးရာသီ ရောက်လာပြီ။ သင်းသင်းပျံ့ပျံ့မွှေးသော မက်မန်းပွင့်များသည် နွေဦးပေါက်လျှင် ပင်လုံးကျွတ် ပွင့်ကြပြီ။ လူများ အိမ်ပြင်သို့ထွက်၍ ပန်းအလှကို ကြည့်ကြပြီ။ နွေအ့ွေ့ကိုလှုံကြပြီ။ သို့သော်လည်း ပန်းပွင့်ကို ခူးသူ၊ ပန်းခက်ကို ချိုးသူ၊ ပန်းကိုင်းကိုဖြတ်သူ ဟူ၍ အလွန်တ့ွေ့ရခဲသည်။ ပန်းချုံနားတွင် ထိုင်၍၊ ပန်းပင်အောက်တွင် ခို၍ သီချင်းဆိုကြမည်။ တူရိယာတီးကြမည်။ စားကြသောက်ကြ ကစားရွှင်မြူးကြမည်။ ဤကား ပန်းရှုသဘင် လုပ်ရိုးလုပ်စဉ် ဖြစ်ပါသည်။ သို့သော်လည်း **အင်းကြီးလျှင် ငါးစုံသည်** ဆိုသကဲ့သို့ လူကောင်းကြားတွင် လူဆိုးလည်း ပါရမည်ပင်။ တချို့ လက်အငြိမ်မနေနိုင်သူတို့သည် ပန်းပွင့်ကို ခူးကြသည်။ ပန်းခက်ကို ချိုးကြသည်။ ပန်းကိုင်းကို ဖြတ်ကြသည်။ ဤသို့ အရိပ်နေ၍ အခက်ချိုးသူကို ချိယို မြင်သည်။ ချိယို စိတ်ဆိုးသလား။ ဒေါသထွက်သလား။ ဝေးစွ။ မက်မန်းပင်ကိုယ်စား သူက ဝင်၍ ခွင့်လွှတ်လိုက်သေးသည်။ ပန်းချိုးသူ၏လက်ကို မက်မန်းနံ့ကလေး စွဲသွားပါသည်တဲ့။

http://nyisay.com

၂၄

အသံမရှိလျှင်
ဗျိုင်းဖြူ ကိုယ်ယောင်ပျောက်မည်ပင် –
မနက်နှင်းဖွေးပြင်။ ။

ချိယို

ညကကျသော နှင်းပွင့်နှင်းခဲတို့ဖြင့် ဖွေးဖွေးဖြူနေသည့် ကွင်းပြင်ထဲတွင် ဗျိုင်းဖြူများသည် လည်တံရှည်ကြီးတွေ တငေါက်ငေါက်နှင့် လှုပ်ရှားသွားလာ အစာရှာနေကြသည်။ နှင်းအဖြူနှင့် ဗျိုင်းအဖြူမှာ အဖြူချင်းတူ၍ ခွဲခြားရဖို့ မလွယ်ပါ။ အဝေးက လှမ်းကြည့်လျှင် ဗျိုင်းဖြူများ ရှိသည်ဟု သိနိုင်မည် မထင်ပါ။ သို့သော်လည်း ဗျိုင်းဖြူသည် ခြေတံရှည်နှင့် ခြေလှမ်းခိုက် တစ်ချက်တစ်ချက် အော်လိုက်သဖြင့် ဗျိုင်းဖြူရှိမှန်း သိရသည်။ ဤအချက်ကို သတိပြုမိ၍ ချိယို ဤဟိုက္ကူကို ရေးသည်။ ဤဟိုက္ကူသည် ကဗျာမဟုတ်ပါဘူးဟု ပြောလိုသူတို့ ရှိပါသည်။ သို့သော်လည်း ချိယိုသည် ချစ်ခင်စဖွယ်၊ နှစ်သက်စဖွယ်၊ ကညာဆန်သော ဟိုက္ကူများကို ရေးသည်မှာ ငြင်းစရာမဟုတ်ပါဟု စာပေပညာရှင်များက ဆိုပါသည်။

၂၅

စမ်းချောင်းတစ်လျှောက်ကြီး
မှောင်အတိသာ တွေတွေစီး
ပိုးစုန်းရောင်ညီးညီး။ ။

ချိယို

http://nyisay.com

လကွယ်နေ့ည၊ မိုးမှောင်ကျခိုက်၊ သန်းခေါင်အချိန်တွင် သီလရှင် စာဆိုမယ်ချိယိုသည် မိမိ သီတင်းသုံးရာ တောင်ကမ်းပါး သီလရှင်ကျောင်းမှ တောင်ကြား စမ်းချောင်းကလေးကို ငုံ့ကြည့်လိုက်သည် ဆိုကြပါစို့။ မှောင်နေသဖြင့် ရေစီးကြောင်းကို မမြင်ရ။ စမ်းချောင်းဝဲယာရှိ ချုံငယ်ပိတ်ပေါင်းတို့တွင် မှိတ်တုတ်မှိတ်တုတ် တောက်စားနေကြသော ပိုးစုန်းကြူး တို့ကိုသာ စမ်းချောင်းအလိုက် ကောက်ကောက်ကွေ့ကွေ့ မြင်ရသည်။ စာဆို၏ ကဗျာဉာဏ်တွင် ဤကောက်ကောက်ကွေ့ကွေ့ မှိတ်တုတ်မှိတ်တုတ် ပိုးစုန်းရောင်သည် တတွေတွေ တလက်လက်စီးနေသော အမှောင်စီးကြောင်း ဖြစ်နေသည်။ ညဉ့်မှောင်တွင် ပိုးစုန်းရောင်ကို သတိပြုကြည့်ပါ။ ချိယိုကဲ့သို့ မြင်လာပါလိမ့်မည်။

၂၆

ဖိုးလမင်း သာသာ
ထွေးခံသွန်ဖို့ နေရာရွာ
မှောင်ရိပ်မတွေ့ပါ။ ။

ဖုကျိုကု (သက္ကရာဇ်မသိ)

ဤတွင် ထွေးခံဆိုသည်မှာ ဂျပန်စကား **ဟာအိဖုကိ** ဖြစ်ပါသည်။ တံတွေးထွေးစရာ ထွေးခံလည်း ဖြစ်သည်။ ဆေးတံပြာစွန့်ရာ ပြာခွက်လည်း ဖြစ်သည်။ အလွန်ကဗျာမဆန်သော ပစ္စည်းတစ်ရပ်ပင်။ သို့သော်လည်း လဝန်း၏ အလင်းရောင် ပြည့်ဝသည့်အဖြစ်ကို ပြလိုသော စာဆိုဖုကျိုကု

http://nyisay.com

သည် ထွေးခဲသွန်ရန် မှောင်ရိပ်ကွက်ကွက်မျှကိုပင် မတွေ့ရပါဟု အလင်းကို အမှောင်ကပ်၍ ဖွဲ့ဆိုလိုက်ခြင်း ဖြစ်ပါသည်။

တစ်မျိုးအားဖြင့်လည်း သူတို့၏ ပြာခွက်သည် မြန်မာတို့၏ ကွမ်းအစ်နှင့် လည်းကောင်း၊ လက်ဖက်ရည်ကြမ်းအိုး နှင့် လည်းကောင်း သဘောချင်းတူပါသည်။ လသာသာတွင် စိတ်တူသဘောတူ ဂျပန်အရပ်သားတစ်စု ပြာခွက်ကို ဝိုင်းထိုင်ကာ ဆေးတံသောက်လိုက်၊ တံတွေးထွေးလိုက်၊ ပြာကို ခေါက်ထည့်လိုက်၊ ထွေရာလေးပါး စကားပြောလိုက်နှင့် စိတ်သဘော ညီညွတ်ရင်းနှီးနေပုံကို ဤကဗျာဖြင့် သရုပ်ဖော်ထားသည်ဟုလည်း အဓိပ္ပာယ်ကောက်ကြပါသည်။

၂၇

နွေဦး ကျွန်ုပ်တဲ
ဘာမျှမရှိ အဟုတ်ပဲ
အားလုံးရှိတာပဲ။ ။

ဆိုဒိုး (၁၆၄၃–၁၇၁၆)

အခါမှာ နွေဦးရာသီ။ နေရာမှာ စာဆို ဆိုဒိုး၏တဲကုပ်။ အခြေအနေမှာ စားစရာသောက်စရာ ဝတ်စရာ ဘာမျှမရှိသော အခြေအနေ။ ဘာမျှမရှိပါဟုဆိုသော်လည်း မင်္ဂလာနွေဦးပေါက်ရာသီ ဆိုသည်ကား အလွန်သာယာသည်။ နေပွင့်သည်။ ပန်းဝေသည်။ ကျေးငှက်တိရစ္ဆာန် ပျော်မြူးသည်။ စားစရာမရှိလည်း ကိစ္စမရှိ။ သောက်စရာမရှိလည်း ကိစ္စမရှိ။ ဝတ်စရာမရှိလည်း ကိစ္စမရှိ။ နွေဦးမင်္ဂလာတွင် အားလုံးပါလာပါသည်ဟု မိမိ၏ ကျေနပ်နှစ်သိမ့်ခြင်းကို ဆိုဒိုး ကျူးရင့်ခြင်း ဖြစ်ပါသည်။

http://nyisay.com

၂၈

ငဲ့ကို ရှေ့ဆောင်ကာ
ငဲ့ကိုယ်ရိပ်က အိမ်ပြန်လာ
စန်းရွှေပွဲအခါ။ ။

ဆိုဒိုး

သဘာဝအလှကို မြတ်နိုးခြင်းသည် ဂျပန်တို့၏ ဝါသနာကြီးတစ်ရပ် ဖြစ်သည်။ ဆိုဒိုး၏မြတ်နိုးမှုမှာ ထူးကဲသည်။ အထက်က နွေဦးကဗျာကို ကြည့်ပါ။ ယခု လပြည့်ဝန်းသာသည်ကို ဖွဲ့ဆိုပြန်သည်။ ဂျပန်ပြည်၌ လပြည့်နေ့များတွင် လပြည့်ဝန်းကို ထွက်၍ ကြည့်လေ့ရှိသည်။ စန်းရှုသဘင်ဟု ခေါ်ရပါမည်။ ဆိုဒိုးလည်း ထွက်ကြည့်သည်။ လပြည့်ဝန်းသည် အနောက်ဘက်သို့ စောင်း၍ အချိန်ကုန်သည့်တိုင်အောင် ကြည့်နေဟန် တူသည်။ ယခု သူ ပြန်လာသောအခါ သူ့အရိပ်က ရှေ့ဆောင်သွား သည်။ သူက အရိပ်ကိုနင်း၍ လိုက်လာသည်။ ကြဲကြဲဖန်ဖန်ပင် မြင်တတ်၊ ကြည့်တတ်၊ ရေးတတ်ပါပေသည်။

၂၉

ကောက်စိုက် မယ်တို့မှာ
ရှုံ့မပေတာ တစ်ခုသာ
သူတို့တေးသံပါ။ ။

ရအိဖန် (၁၆၅၃–၁၇၁၆)

http://nyisay.com

စက်မှုပညာအရ ထိပ်တန်းရောက်နေသော ဂျပန်ပြည်တွင် ယနေ့လည်း ကောက်စိုက်သမများ ကောက်စိုက်နေသည်ကို မြင်ရပါသေးသည်။ ဇွန်လ ၁၄ ရက်နေ့တွင် အိုဆာကာမြို့ စုမိယောသျှိရှင်တို ကျောင်းဝင်း ထဲ၌ ကောက်စိုက်ပွဲ ကျင်းပပါသည်။ ကျေးလက်တောရွာရှိ လယ်ကွင်း ကျဉ်းကျဉ်းများတွင်လည်း အမျိုးသမီးများ ကောက်စိုက်ဆဲရှိသည်ကို ရုပ်မြင်သံကြားတွင် တွေ့ဖူးပါသည်။ ကောက်စိုက်ရာတွင် ဆိုသည့် သီချင်းကိုလည်း ကြားဖူးပါသည်။ အထက်ပါ ဟိုက္ကူသည် ကောက်စိုက်မယ် အကြောင်းကို စာဆို ရအိဇန် ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ တမန်းထဲတွင် ကောက်စိုက်နေသည့် ကောက်စိုက်မယ် တစ်ဦး၏ပုံကို စဉ်းစားကြည့်ပါ။ ခြေမှာ တမန်းနှင့်။ လက်မှာ တမန်းနှင့်။ မျက်နှာမှာ တမန်းနှင့်။ တစ်ကိုယ်လုံး တမန်းနှင့်၊ ရွှံ့နှင့်၊ ဗွက်နှင့် ရုစရာမရှိ။ သို့သော်လည်း သူ ဆိုလိုက်သော ကောက်စိုက်တေးမှာကား သာယာပါဘိသည်။ ချစ်စဖွယ် ကောင်းပါဘိသည်။ ကြည်နူးစဖွယ် ကောင်းပါဘိသည်။ ကြည်လင်သန့်ရှင်း အပြစ်ကင်းပါဘိသည်။ စာဆို ရအိဇန်၏ နှလုံးသည် ကောက်စိုက်မယ်၏ တေးသံတွင် အရည်ပျော်၍ အထက်ပါ ဟိုက္ကူအဖြစ် ထွက်ပေါ်လာပါတော့သည်။ ရွှံ့မပေသော တေး။ ဗွက်မလိမ်းသော တေး။ တမန်းမကျံသော တေး။ ကောက်စိုက်မယ်၏ တေး။

၃၀

ပန်းသာဆိုရင်ကွယ်
တေးတစ်ကျော့ကို ခူးမိမယ် –
အိုင်ုက် ဥဩရယ်။ ။

ကိုဒိုး (၁၇၃၈ တွင် ကွယ်လွန်)

http://nyisay.com

၁၇၃၈ ခုနှစ်တွင် ကွယ်လွန်သော စာဆို ကိုဒိုး၏ ဟိုက္ကူ။ ဥဩအသံကို ကြားရသောအခါ ပန်းခက်ပန်းခိုင်ကို ပြေး၍ မြင်သည်။ သဒ္ဒါရုံနှင့် ရူပါရုံကို တစ်ချက်တည်း ခံစားရသည်ကို ထုတ်ဖော်ထားသည်။ ဥဩငှက်၏ သာယာသောမြည်သံသည် ပန်းခိုင်ပန်းခက်သာ ဖြစ်ပါမူကား တစ်ပွင့်တစ်ညှာလောက်ကို ခူးဆွတ်မိလိမ့်မည်ဟု ဥဩသံကို ထင်ပေါ်အောင် တင်စားဖွဲ့ဆိုထားပါသည်။

၃၁

နှင်းမှုန်ရိုထဲက
တစ်ချက်တစ်ချက် ပြူထွက်ပြ
လှေငယ်ရွက်ဖြူဆွ။ ။

ဂကိုကု (၁၈ ရာစု စောစောပိုင်း)

၁၈ ရာစု ခေတ်ဦးက စာဆို ဂကိုကု၏ ဟိုက္ကူ။ ထူးထူးခြားခြား မဟုတ်။ မြင်ကွက်ကလေးတစ်ခုကို ဖမ်း၍ မှတ်တမ်းတင်လိုက်ခြင်း ဖြစ်သည်ဟု ဆိုချင်လျှင် ဆိုနိုင်ပါသည်။ သို့သော်လည်း တွေးလျှင်ကား ဤသို့ မြင်နိုင်ပါသည်။ နှင်းပိတ်အောင် ဝေနေသည်။ တောကိုလည်း မမြင်ရ။ တောင်ကိုလည်း မမြင်ရ။ မိမိ မျက်နှာမူရာ လေးငါးလှမ်းအကွာကိုမျှ မမြင်ရ။ မြစ်ထဲချောင်းထဲ ပင်လယ်ထဲတွင်ကား ပြောစရာ မရှိတော့ပြီ။ ထိုအခြေအနေမျိုးတွင် မည်သူမျှ အလုပ်ဆင်းမည် မဟုတ်။ ကျေးငှက်မျှလည်း တွန်မည်မဟုတ်ဟု ထင်ဖွယ်ရှိသည်။ သို့သော်လည်း သတ္တဝါတို့ကား လူပ်ရှားနေနိုင်မှ စားဝတ်နေရေး ဖူလုံမည်။ ပူလွန်းသည်၊

http://nyisay.com

အေးလွန်းသည်၊ ရက်ရာဇာ ပြဿဒါး ရွေးနေ၍မဖြစ်။ အလုပ်ခွင် ဝင်ရမည်ပင်။ ယခုလည်း နှင်းတောထဲတွင် လှေရွက်ကို မကြာခဏ မြင်ရသည်။ ရေလုပ်သားများ ငါးရှာရန် ပင်လယ်ထဲ ရွက်လွှင့်သွားနေကြသည်တကား။

၃၂

ဆန်မရှိတဲ့ခါ
ဘူးလည်သီးခြောက်အထဲမှာ
သမီးလှပန်းပါ။ ။

ဗသျှီး (၁၆၄၄–၁၆၉၄)

ဗသျှီး၏ ကဗျာတစ်ပုဒ်။ ဗသျှီးသည် ဆမူရအိ သူရဲကောင်းမျိုးဝင်ဖြစ်သည်။ ကဲကျွေးချ အရှင်တစ်ဦးထံတွင် အမှုထမ်းသည်။ အရှင်၏သားနှင့် ခင်မင်ရင်းနှီးသည်။ ဝါသနာချင်းတူ၍ ဟိုက္ကူကို အတူတူလေ့လာကြသည်။ ရေးကြသည်။ သို့သော်လည်း အရှင့်သား ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသောအခါ ဗသျှီးသည် မင်းမှူထမ်းအလုပ်ကို စွန့်၍ ဟိုက္ကူစာဆိုအဖြစ် အသက်မွေးသည်။ လက်ရှိ ဟိုက္ကူဝါဒအတိုင်းရေးသည်။ တပည့်များကို သင်ပေးသည်။ ထိုအခိုက်တွင် သဘာဝကို အထူးလေ့လာသည်။ လူ့သဘောကို အထူးနှလုံးသွင်းသည်။ သို့လေ့လာနှလုံးသွင်းရင်း မိမိကိုယ်ပိုင် ဟိုက္ကူဝါဒကို တွေ့ရှိပျိုးထောင် မွေးမြူသည်။ တပည့်များကို သင်ကြားပို့ချပေးသည်။

သူ၏အကျင့်မှာ စားဝတ်နေရေးတွင် အလွန်ခြိုးခြံသည်။ ရသမျှနှင့်

http://nyisay.com

တင်းတိမ်သည်။ တွေ့သမျှနှင့် ရောင့်ရဲသည်။ တိတ်ဆိတ် ငြိမ်သက်ရာတွင် တဲငယ်ဆောက်၍ စာပေကြည့်ရှု ပြုစုလေ့ရှိသည်။ တစ်ခါတစ်ရံ ရပ်ဝေးသို့ ခရီးရှည်ထွက်၍ ရာဇဝင်တွင်သော နေရာများ၊ သာသနာဝင်တွင်သော နေရာများကို လှည့်လည်ကြည့်ရှု ကြည်နူးသည်။ ခရီးအတွေ့အကြုံတို့ကို အခြေပြုလျက် ခရီးသွားမှတ်တမ်းရေးသည်။ ကဗျာဖွဲ့သည်။

အထက်ပါ ကဗျာသည် သူ၏ဘဝကို တစ်စွန်းတစ်စ ဖော်ပြသည်။ ဗသျှိုးသည် မိမိ၏ ဝမ်းရေးအတွက် မိတ်ဆွေများနှင့် တပည့်များကို မှီခိုရသည်။ မိမိ၏ တဲအပြင်ဘက်တွင် ဆန်ထည့်ရန် ဘူးလည်သီးခြောက်ကို ထားသည်။ မိတ်ဆွေများ၊ တပည့်များက ဆန်နှင့် တခြားစားဖွယ်တို့ကို ထည့်ကြသည်။ သို့သော်လည်း သရောကြီးခိုင်း၍ ဆန်ရှားသော အခါများ၌ကား ဆန်မထည့်နိုင်ကြ။ ဆန်အစား သမီးလှပန်းခေါ်သော ပန်းကို ထိုးလာကြသည်။ ဗသျှိုးသည် လူအများနည်းတူ မုယောစပါး၊ ကန်စွန်း၃၊ လယ်ပင်လယ်ရွက်များနှင့် ကျေနပ်နှစ်သိမ့်လေသည်။

၃၃

ဆံပင်ဖြူနုတ်ရာ
ခေါင်းအုံးအောက်က ကြမ်းပြင်မှာ
ပုရစ်အော်နေပါ။ ။

ဗသျှိုး

အိုမင်းပြိုဖြစ်သော ဗသျှိုးသည် မိမိ လဲလျောင်းနေရာ တဲအောက်မှ ပုရစ်၏ စိတ်ငယ်ဖွယ်ကောင်းသောအသံကို ကြားရသောအခါ စိတ်ငယ်မိပုံရသည်။

http://nyisay.com

၃၄

ငှက်လက်မည်ညို့
မျှစ်စို့ ဝါးရုံတောတခို
ဇရာတေးကို ဆို။ ။

ဗသျှိုး

နွေရာသီ စောစောပိုင်း။ ဝါးတောတွင် မျှစ်စို့များထွက်နေကြပြီ။ နွေဦးပေါက်အချိန်မှစ၍ ဝါးခက်တွင်နားကာ ငှက်လက်မကလေး တေးဆိုခဲ့သည်။ ယခု သူ့တေးသံသည် အိုမင်းရင့်ရော်လာပြီ။ အားလျော့ပျော့ညံ့လာပြီ။ သို့သော်လည်း မျှစ်စို့တို့မှာကား ထွားထွားကျိုင်းကျိုင်း နှင့် သန်စွမ်းနုပျို၍ ကောင်းဆဲ။ ငှက်လက်မတေး၏ အိုမင်းခြင်း၊ မျှစ်စို့တို့၏ နုပျိုခြင်း ဤဆန့်ကျင်ဘက်တရား နှစ်ပါးကို ဝါးရုံဝါးတောလောကတွင် တွဲဖက် ယှဉ်ပြထားသည်။ သတိမပြုလိုကြသော်လည်း မရှောင်သာ မလွဲသာဖြစ်တတ်သည့် လောကဓံတစ်ရပ်ကို နှလုံးသွင်းရန် ဖြစ်သည်။ ဗသျှိုးကိုယ်တိုင်မှာ ရင့်ရော်ပြီ။ တပည့်များမှာ ပျိုမျှစ်ဆဲ။ ဗသျှိုး ဆင်ခြင်မိမည်မှာ မလွဲ။

၃၅

ဖေဖေ မေမေအား
လွမ်းမိပါတယ် ခါမနား
ရစ်ငှက်အော်သံကြား။ ။

ဗသျှိုး

http://nyisay.com

ရစ်ဂက်သည် သားငယ် သမီးငယ်များကို အသက်နှင့်လဲ၍ စောင့်ရှောက်သည်ဟု ဂျပန်များ အယူရှိပါသည်။ စာဆိုကြီး ဗသျှိုးသည် မိမိ၏ ကျောင်းသခင်မ်းအနီး တောစပ်တွင် စကြ်လျှောက်၍ သဘာဝအလှကို လေ့လာခဲစား နေသည်။ ထိုအခိုက် ချူပုတ်အထဲမှ ရစ်ဂက်အော်သည်ကို ကြားလိုက်ရသည်။ သားငယ်၊ သမီးငယ်များကို ချစ်သော ရစ်ဂက်။ သားငယ် သမီးငယ်များကို ကာကွယ်စောင့်ရှောက်သော ရစ်ဂက်။ ဤနောက်ကျောခဲ အသိတရားသည် ဗသျှိုး၏ ရင်ထဲ၌ ကွယ်လွန်သူ အမိအဖအား သတိရ လွမ်းဆွတ်တတ်သည့် စိတ်ကို နှိုးဆွလိုက်သည်။ ခေါင်းဖြူစွယ်ကျိုး အရွယ်သို့ ရောက်နေလင့်ကစား လူတို့သည် အမိအဖ၏ ချစ်ခင်မှု၊ ကြင်နာမှု၊ ကာကွယ်စောင့်ရှောက်မှုကို တောင့်တမိကြစမြဲ။ အားကိုးရာမဲ့ အခြေအနေသို့ ရောက်နေသောအခါ အမယ်လေး၊ အဘလေးဟု မတမ်းတသူ ရှိနိုင်ပါမည်လား။ မိဘကျေးဇူး အနန္တ။

၃၆

လက်ထဲ ယူလိုက်လျှင်
မျက်ရည်ပူတွင် ပျော်မည်ထင်
ဆောင်းဦးနှင်းခဲ သွင်။ ။

ဗသျှိုး

၁၆၈၄ ခုနှစ်တွင် ဗသျှိုးသည် ဇာတိရပ်ရွာသို့ ခဏပြန်ရောက်သည်။ အသက် ၄၀ အရွယ် ဖြစ်နေပြီ။ ဗသျှိုးသည် လောကခံတရားများကို ခံနိုင်ရည်ရှိအောင် ကျင့်ကြံအားထုတ်နေသူ ဖြစ်သည်။ သို့ဖြစ်လင့်ကစား

http://nyisay.com

ဇာတိရပ်ရွာတွင် ကွယ်လွန်သူ မိခင်၏ ဆံပင်စုကို မြင်ရသောအခါ စိတ်တုန်လှုပ်သွားသည်။ မအောင့်နိုင်အောင်ဖြစ်၍ အထက်ပါ ကဗျာဖြင့် ခံစားမှုကို မှုတ်ထုတ်လိုက်သည်။ မိခင်ဆံပင်ကို လက်ထဲထည့်လိုက်လျှင် လွမ်း၍ကျသော မျက်ရည်ပူတွင် နှင်းခဲအရည်ပျော်သလို ပျော်သွားလိမ့်မည်ထင်ကြောင်း ရေးဖွဲ့ခြင်း ဖြစ်သည်။ ဝဏ္ဏ ၁၇ လုံးမျှဖြင့် ဖွဲ့လိုက်သည့် ကြီးမားကျယ်ပြောသော အလွမ်းဟိုက္ကူပါပေတည်း။ **ပူတယ်လေ၊ ဆယ်နေကဲ**ဆိုသော မြန်မာသီချင်းနှင့် နှင်လား၊ ငါလား ပါပေတည်း။ ဂျပန်ကဗျာက အသေးကိုပြ၍ အကြီးကို မြင်စေသည်။ မြန်မာသီချင်းက အကြီးကိုပြ၍ အကြီးကို မြင်စေသည်။ ဤကား ခြားနားချက်။

၃၇

သစ်ကိုင်းခြောက်မှာ နား
ကျီးငှက်တစ်ကောင်ပါတကား –
ဆောင်းဦး ညဉ့်မှောင်ကြား။ ။

ဗသျှိုး

လွန်ခဲ့သော နွေရာသီ၏ အပူဓာတ်နှင့် လာလတ္တံ့သော ဆောင်းရာသီ၏ အအေးဓာတ်တို့ လွန်ဆွဲရာ နေ့ပူ၍ ညချမ်းသည့် ဆောင်းဦးရာသီကြားကာလတွင် သစ်ရွက်များ ကြွေသည်။ မြင်ကွင်းများ ခြောက်သွေ့သည်။ လူအပါအဝင်ဖြစ်သော သဘာဝ လောကကြီးသည် အင်အားဆုတ်ယုတ်နွမ်းလျ ရှိသည်။

http://nyisay.com

ဆောင်းဦးရာသီ မိုးချုပ်စ ရီဝေမှိုင်းပျသော အချိန်။ အရွက်မရှိ ညိုးခြောက်နေသော သစ်ကိုင်း။ နက်မှောင်သော ကျီးငှက်။ ဤအချိန်၊ ဤနေရာနှင့် ဤကျီးငှက်တည်းဟူသော ဆေးမည်သုံးခုဖြင့် စိတ်ငယ်ဖွယ်ကောင်းသော ပန်းချီကားကို ဗသျှိုး ရေးခြယ်လိုက်သည်။ **သပိတ်လွယ် တောင်စကိုင်းဆီက၊ စိတ်ငယ်ဖွယ် အမှောင်ဆိုင်းပြန်တော့၊ မောင်မှိုင်း ဖြင့် ပူတော်မူ**ဆိုသော သခင်ကိုယ်တော်မှိုင်း၏ စာကို ပြေး၍ သတိရမိစေသည်။ ဂျပန်ကဗျာက **စိတ်ငယ်ဖွယ်** ဆိုသော စကားကို မသုံး။ မြန်မာကဗျာက သုံးသည်။ ခြားနားချက်။

၃၈

ခေါင်းဖြူလှိုင်း ဒီရေ
ဝင်းပေါက်ထိအောင် လိုမ့်တက်နေ
ဆောင်းဦး လဝန်းငွေ၊ ။

ဗသျှိုး

ဝင်းတံခါးထိအောင် တဝုန်းဝုန်း မြည်ဟည်း၍ တက်လာ ပုတ်ခတ်နေသော ဒီလှိုင်းထဲတွင် ဆောင်းဦးရာသီ (သရဒဥတု) ၏ လပြည့်ဝန်း အရိပ်သည် လှိုင်းစီး၍ တက်လာလိုက်၊ လှိုင်းနှင့်အတူ ကွဲပျက်သွားလိုက် ဖြစ်နေသည်။

ဆောင်းဦးလရောင်သည် လွမ်းစိတ် ဆွေးစိတ်ကို အားပေးလှုံ့ဆော်သည်။ ဗသျှိုး၏ ရင်တွင်းတွင် လဝန်း၏ တည်ငြိမ်မှုနှင့် ဒီလှိုင်း၏ လှုပ်ရှားမှုတို့ လွန်ဆွဲနေပုံရပါသည်။

http://nyisay.com

၃၉

ခမောက်လည်း မပါ
မိုးအေးမိုးချမ်း ရွာလို့လာ
မမူ မမူပါ။ ။

ဗသျှိုး

လူတို့သည် ပူလျှင်လည်း ပူပြန်ပြီ။ အေးလျှင်လည်း အေးပြန်ပြီ။ ခြောက်လျှင်လည်း ခြောက်ပြန်ပြီ။ စိုလျှင်လည်း စိုပြန်ပြီ။ ကျေနပ်သည် မရှိ။ ညည်းတတ် တွားတတ်သည်။ ဗသျှိုးကမူ စိတ်ကို ထိန်းသည်။ အားကိုတင်းသည်။

မိုးတဖွဲဖွဲရွာလာသည်။ မိုးဒဏ်ကို ကာကွယ်ရန် ခမောက်မျှလည်း ခရီးသည် ဗသျှိုးမှာပါမလာ။ သို့သော်လည်း ဗသျှိုးက **ဘာဖြစ်သေးလဲ** ဟု တင်းခံလိုက်သည်။ အဆိုးတရားကို အသိတရားနှင့် ဆင်ခြင်ကာ ခံနိုင်ရည်ရှိရန် ဗသျှိုးနည်းပြလိုက်သည်။ **ခမောက်မပါဘဲ၊ မိုးအေး မိုးချမ်း စွေမစဲ၊ ဘာဖြစ်သေးသလဲ** ဟု ပြန်လျှင်လည်း ပြန်နိုင်ပါမည်။

၄၀

ခရီးသည်ဟု ဗျာ
ကျွန်ုပ်အမည် ခေါ်ကြပါ –
ဆောင်းတွင်း မိုးဦးရွာ။ ။

ဗသျှိုး

http://nyisay.com

၁၆၈၇ ခု၊ နိဝင်ဘာလတွင် ဗသျှိုးသည် 'ဒုတိယအကြိမ် ခရီးရှည် ထွက်ပြန်သည်။ ခရီးထွက်ခါနီး မိတ်ဆွေများနှင့် တပည့်များက သူ့ကို ဧည့်ခံကျွေးမွေး နှုတ်ဆက်ကြသည်။ အထက်ပါ ဟိုက္ကူသည် ထိုအခါ သူရေးသောကဗျာ ဖြစ်သည်။

ဗသျှိုးသည် ကျောင်းသခင်မ်းဆောက်၍ ရသေ့ရဟန်းသဖွယ် ခြိုးခြိုး ခြံခြံနှင့် တစ်ကိုယ်တည်းနေရာမှ ခရီးရှည် ထွက်ချင်စိတ် ပေါ်လာ၍ ၁၆၈၄ ခုတွင် တစ်ကြိမ် ထွက်ခဲ့ပြီ။ ယခု တစ်ဖန် ထွက်ပြန်ဦးမည်။ ထို့ကြောင့် မိတ်ဆွေများနှင့် တပည့်များအား သူ့ကို ခရီးသည်ဟူ၍သာ ခေါ်ကြပါတော့ဟု မေတ္တာရပ်ခံပုံ ရပါသည်။

ဆောင်းရာသီ၏ ပထမ မိုးတမ ရွာပြီ။ နောက်ဆက်လက် ရွာ စရာတွေ ရှိသေးသည်။ နှင်းပွင့်လည်း ကျဦးမည်။ လေအေးလည်း တိုက်ဦးမည်။ သို့သော်လည်း သူ မဖြုပါဘူး။ ခရီးရှည်ကို ဆုံးခန်းတိုင် ရောက်အောင် ထွက်ပါမည်ဟု ဆိုချင်ပါသည်။

၄၁

ခရီးခုလတ်တွင်
နှစ်ကူးအိမ်ရှင်း ဤလူ့ခွင်
ကျွန်ုပ် တွေ့သိမြင်။

ဗသျှိုး

ဂျပန်ပြည်၌ နှစ်သစ်ကူးခါနီးတွင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေး လုပ်ရသည်။ နှစ်ဟောင်းက မနှစ်မြို့ဖွယ်များ နှစ်သစ်ဘက်သို့ ပါမလာအောင် ဖြစ်သည်။ အိမ်နှင့်ယာနှင့်၊ ဆွေနှင့်မျိုးနှင့်၊ သားနှင့်မယားနှင့် အတည်

http://nyisay.com

တကျ နေသူတို့မှာ လာလတ္တံ့သော နှစ်သစ်ကို မင်္ဂလာရှိသော ဝါး ကျည်တောက်နှင့် ထင်းရှူးခက်ကို အိမ်ဝတွင် စိုက်၍ ကြိုကြမည်။ အန္တရာယ်ကင်းအောင် မင်္ဂလာကောက်ရိုးထုံးကို အိမ်တံခါးတွင် ဆွဲကြမည်။ ကောက်ညှင်းမုန့်လုံး၊ တည်သီးခြောက်၊ သစ်ချသီး၊ ထင်းရှူးစေ့၊ ပဲနက်၊ ငါး၊ ငါးဥ စသည်တို့ကို အိမ်စောင့်နတ်အား ကျွေးကြမည်။ နှစ်ဆန်းတစ်ရက်နေ့တွင် အိမ်သားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများဆုံကာ စားကောင်းသောက်ဖွယ်တို့ကို သုံးဆောင်ကြမည်။ သန်းခေါင်အချိန်တွင် နှစ်ဟောင်းကို ပို့သော ခေါင်းလောင်းသံ တစ်ရာ့ရှစ်ချက်ကို နားထောင်ကြမည်။ သို့သော်လည်း ခရီးသည် ဗဿုံးအတွက်ကား ဤ စားခန်း သောက်ခန်း ပွဲလမ်းသဘင်တို့သည် အဓိပ္ပာယ်မရှိ။ ထို့ကြောင့် သူတစ်ပါး ၏ ပျော်ရွှင်မှုကိုကြည့်ကာ ဗဿုံးသည် အားကျ၍ အထက်ပါကဗျာကို ဆိုလိုက်လေသည်။

၄၂

အေးစက်လယ်ကွက်များ –
မြင်းကျောပေါ်မှာ စီးလို့သွား
ကိုယ်ရိပ်လေးဘက်တွား။ ။

ဗဿုံး

ခရီးသည် စာဆိုကြီး တစ်ခါတစ်ရံ မြင်းစီး၍ လှည့်လည်သွားလာရသည်။ အဖော်မပါ တစ်ယောက်တည်း သွားရသည်။ တစ်နေ့သောအခါ ဆောင်းဒွေ့ဖြင့် အေးစက်သော ဟင်းလင်းပြင် လယ်ကွက်များကို ဖြတ်သွားရသည်။ ခရီးသွားဖော်သွားဖက်ကို ကြည့်သည်။ မတွေ့ရ။ မျက်နှာဘက်

http://nyisay.com

တွင်လည်း မတွေ့ရ။ ကျောဘက်တွင်လည်း မတွေ့ရ။ လက်ယာလက်ဝဲတွင်လည်း မတွေ့ရ။ မြေကြီးဘက်သို့ ငုံ့ကြည့်တော့မှ မိမိ၏ကိုယ်ရိပ်သည် မြေပေါ်တွင် လေးဘက်တွားကာ လိုက်နေသည်ကို တွေ့ရသည်။ တော်ပါသေး၏။ သူတစ်ယောက်တော့ အဖော်ရှိပါသေးသည် တကားဟု စာဆိုကြီး စိတ်အေးရသည်။

၄၃

ယိုသျှိနိမှာကွယ်
ချယ်ရီပန်းကို ပြပါမယ် –
နတ်ထင်းခမောက်ရယ်။ ။

ဗသျှိုး

တစ်နှစ်တွင် ဒီတစ်လပေပေါ့၊ တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရာကြစုံမြိုင်တွင်း ဟူ၍ ပိတောက်ပန်း ကို မြန်မာတို့ ဖွဲ့ဆိုကြသည်။ ဂျပန်ပြည်တွင်လည်း တစ်နှစ်လုံးတွင် သီတင်းတစ်ပတ်သာ ဝေဝေဆာဆာပွင့်ကာ ကျန်ရက်များတွင် ပျောက်ဆုံးနေသည့် ချယ်ရီပန်း ရှိပါသည်။ ချယ်ရီပန်းသည် တစ်ပွင့်ချင်း ဂုဏ်မထင်ပေါ်ပါ။ ပင်လုံးကျတ်ပွင့်လျှင်ကား မြင်ရသူစိတ်ကို ကြည်ညှတ်စေနိုင်ပါသည်။

နွေဦးရာသီ ချယ်ရီပန်း ပွင့်သောအခါ ဂျပန်လူမျိုးများ ဆင်းရဲချမ်းသာမရွေး ချယ်ရီပန်းကြည့် ထွက်ကြသည့်အကြောင်းကို အထက်က ရေးဖူးခဲ့ပါပြီ။ သူတို့သည် ချယ်ရီပန်းကိုကြည့်၍၊ ချယ်ရီရိပ်ကို ခို၍၊

http://nyisay.com

ပျော်ကြရွှင်ကြ စားသောက်ကြပုံမှာ သင်္ကြန်ရက်အတွင်း ရေခဲရေပက်ထွက်ကြသော မြန်မာတို့နှင့် တူသည်ဟုဆိုလျှင် မှားလှမည် မထင်ပါ။ သို့သော်လည်း ဂျပန်တို့သည် ချယ်ရီပင်ကိုမတက်။ ချယ်ရီ ခက်ကိုမချိုး။ ရင်မှာပျိုးသော သားသဖွယ် ကြည့်ရှု ယုယကြပါသည်။

နာရာခရိုင်အတွင်း ယိုသျှိန် တောင်ထွတ်သည်ကား ချယ်ရီပန်းရှစခန်းတို့တွင် အကျော်စောဆုံး ဖြစ်ပါသည်။ ယခု စာဆိုကြီး ဗသျှီးသည် တောင်ဝှေးစွဲလျက်၊ ကျောပိုးအိတ် ဆောင်လျက်၊ သစ်ခေါက်ခမောက်ဆောင်းလျက် ယိုသျှိန်သို့ တစ်ယောက်ထီးတည်း ရှေ့ရှုသွားနေပါသည်။ ဒေဝဒါရခေါ် နတ်ထင်းတစ်မျိုး၏ အခေါက်နှင့် လုပ်ထားသည့် ခမောက်ကို သူ အားနာပုံရသည်။ သူ စိတ်ထင်ရာသွားသမျှ သူ့ခမောက်မှာ နေပူမရှောင် မိုးရွာမရှောင် လိုက်ရသည်။ ထို့ကြောင့် ဒီတစ်ခါမူ သူက **နတ်ထင်းခမောက်ရယ်** ဟု အာလုပ်ပြုကာ ယိုသျှိန် တောင်ထွတ်ကို ရောက်သည့်အခါ ချယ်ရီပန်းကို ပြပါလိမ့်မယ်။ ထိုအခါ အမောပြေပါလိမ့်မယ်။ စိတ်ချမ်းမြေ့ပါလိမ့်မယ်ဟု နှစ်သိမ့်စကား ပြောသည့်အနေဖြင့် ဤဟိုက္ကူကို ရေးပါသည်။

၄၄

မြင်လိုချင်လျက်ပါ
အရုဏ်ကျင်းသည့် ချယ်ရီမှာ
နတ်မင်းရွှေမျက်နှာ။ ။

ဗသျှီး

http://nyisay.com

ဤဟိုက္ကူမှာ ရှေးသမိုင်းဟောင်းကို အခြေပြုပါသည်။ တစ်ရံရောအခါက ဇော်ဂျီတစ်ဦးသည် ယိုသျှိန်အနားတွင် တံတားဆောက်ချင်သည်။ ထို့ကြောင့် တောင်စောင့်နတ် တစ်ဦးထံ အကူအညီတောင်းသည်။ ထိုတောင်စောင့်နတ်၏ မျက်နှာမှာ အလွန်ကြောက်ဖွယ် ကောင်းသည်။ ထို့ကြောင့် နတ်မင်းသည် ညဉ့်မှောင်ရိပ်တွင်သာ တံတားကို ဆောက်သည်ဟု ရှေးသမိုင်းထွက်စကား ရှိသည်။

ယခု ဗသျှိုးသည် ချယ်ရီပန်းကြည့်ရန် ယိုသျှိန် ခရီးအကြားတွင် ရောက်နေသည်။ ထိုမျှလှပသော တောတောင်၊ ထိုမျှ ကြည်ညှတ်ဖွယ်ကောင်းသော ချယ်ရီပန်းတောတွင် ထိုတောင်စောင့်နတ်၏ မျက်နှာကြောက်ဖွယ်ကောင်းသည်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလား။ ဗသျှိုး သံသယဖြစ်သည်။ ထို့ကြောင့် အရုဏ်ရောင်နီတွင် ချယ်ရီပန်းများအကြား၌ **ဟိတိုကို တိုနဲသျှို** နတ်မင်း၏ မျက်နှာကို မြင်ချင်လျက်ရှိကြောင်း တမ်းတလိုက်ခြင်း ဖြစ်ပါသည်။

၄၅

များစွာ များစွာသား
အရာတို့ကို အောက်မေ့သွား
ချယ်ရီကြောင့်တကား။ ။

ဗသျှိုး

ဗသျှိုးသည် ဒုတိယခရီးရှည်တွင် ငယ်စဉ်က ဆမူရအိ သူရဲကောင်းအဖြစ် အမှုထမ်းခဲ့ရာ အရပ်ကို ဝင်သည်။ မိမိနှင့် ဟိုက္ကူရေးဖက် (ကွယ်လွန်သူ)

http://nyisay.com

အရှင့်သားနှင့် ဟိုက္ကူအကြောင်း ဆွေးနွေးခဲ့ရာဖြစ်သော ချယ်ရီပင်များ အောက်တွင် ထိုင်သည်။ ထိုအခိုက်တွင် ရင်ဖွင့်လိုက်သည်ကား အထက်ပါ ဟိုက္ကူပင်တည်း။

၄၆

နေ့တာရှည်သမျှ
တေးချင်းဆို၍ အားမရ
ဗီလုံးငှက်ငယ်ပို့။ ။

ဗသျှီး

ရောင်နီလာမှစ၍ နေဝင်ဖျိုးဖျထိအောင် ကောင်းကင်တွင် အတောင်ခတ်ကာ ဗီလုံးငှက်ငယ် တေးဆိုသည်။ သို့သော် ကျေနပ်အားရပုံမပေါ်။ ထို့ကြောင့် ဗသျှီးက လုံ့လဝီရိယ ကြီးပါပေသည်တကားဟု ချီးမွမ်းလိုက်သလား။ သို့တည်းမဟုတ် လွန်လှချည်ကလားဟု ကဲ့ရဲ့လိုက်သလား။ နှစ်ခုစလုံး ဖြစ်နိုင်ပါသည်။

၄၇

အလှမြစ်ဖျားခံ –
အညာကျေးလက် လယ်တောယဲ
ကောက်စိုက်မ တေးသံ။ ။

ဗသျှီး

http://nyisay.com

အထက် ဟိုက္ကူတွင် အလှဆိုသောနေရာ၌ **ကဗျာ** ဟူ၍လည်း တချို့အနက်ဆိုကြသည်။ အဖွင့်စကားလည်း အမျိုးပြားသည်။ ကျဉ်းကျဉ်းတိုတိုမှာကား တစ်ခါသော် ဗသျှိုးသည် မိတ်ဆွေတစ်ဦးနှင့် စကားပြောနေသည်။ မိတ်ဆွေက အယဉ်အလှ ကဗျာသီချင်းတို့ကို ကျေးလက်ဒေသတွင် တွေ့ရပါမည်လားဟု သံသယစကား ဆိုသည်။ ပညာရှင်နှစ်ဦးအချေအတင် ဆွေးနွေးနေခိုက် ကောက်စိုက်သမတို့၏ တေးသံသည် လေယာဉ်စီးကာ ဗသျှိုးတို့ထံ ရောက်လာသည်။ ဗသျှိုးသည် အဖြေကို ဝေးဝေးလံလံ ရှာရန်မလိုတော့ပြီ။ စုတ်တံကို ကောက်ကိုင်၍ အထက်ပါ ဟိုက္ကူကိုရေးကာ အဖြေပေးလိုက်သည်။ **ကဗျာရဲ့ မူလ၊ ရွှေညာကျေးလက်လယ်တောက၊ ကောက်စိုက်တေးသံပါ့** တဲ့။

၄၈

ဆင်းရဲသား သူငယ်
စပါးကြိတ်စ ပြုပြီကွယ်
လကို ကြည့်လို့ရယ်။ ။

ဗသျှိုး

ဗသျှိုးသည် ခရီးရှည်ထွက်၍ ဘဝကို လေ့လာသောအခါ လောကခံအမျိုးမျိုးကို တွေ့ရသည်။ ယခု ဆင်းရဲသားသူငယ်တစ်ဦးကို သူ တွေ့သည်။ ညဦးလရောင်ထဲတွင် သူငယ်တို့ဘဝ သူ့ခမျာ သွားလာလှုပ်ရှားချင်လိမ့်မည်။ သို့သော်လည်း သူ့ဘဝတွင် ဤအခွင့်အရေးကိုမပေး။ ထို့ကြောင့် သူသည် ကြိတ်ဆုံတွင် စပါးကိုကြိတ်သည်။ သူ့အတွက်

http://nyisay.com

ဖြေဖျော်စရာ အဖော်အပေါင်းကား ကောင်းကင်က လမင်းကြီးသာတည်း။ မသာလည်းတ၊ သာလည်းတ၊ ဖိုးလငွေသော်တာ။

၄၉

ကန်စွန်းနွယ် ပင်ရင်း
ဆန်ဖွပ်သမား မောဖြေခြင်း
သနားဖွယ် ရှုခင်း။ ။

ဗသျှိုး

ခြံစည်းရိုးပေါ်တွင် ကန်စွန်းနွယ်ပွင့်များ. လန်းလန်းဆန်းဆန်း ပွင့်နေကြသည်။ ခြံစည်းရိုးအနား ကန်စွန်းနွယ်ပင်ရင်းတွင် လူတစ်ယောက် ဆန်ဖွပ်နေသည်။ ယခု ကျည်ပွေ့သဲ ခဏရပ်သွား သည်။ ဆန်ဖွပ်သမား သည် နဖူးက တွေတွေစီးသော ချွေးကိုသုတ်ရင်. နေပူလောင်တွင် ရဲရဲရင့်ရင့် ပွင့်လန်းနေကြသော ကန်စွန်းနွယ်ပွင့် နုနကလေးများကို ကြည့်ကာ အားကျနေပုံရသည်။ ကန်စွန်းနွယ်ပွင့်က နုနုနှင့် ခံနိုင်ရည်ရှိသည်။ မိမိက ကြမ်းကြမ်းနှင့် ခံနိုင်ရည်မရှိ။ ရှက်ဖွယ်၊ ရှက်ဖွယ်။ မိမိ ကိုယ်ကို တရားချ၍ နှစ်သိမ့်စေသည်။ သို့သော်လည်း စာဆိုအနေနှင့်ကား ဤ ဖြစ်ရပ်သည် သနားဖွယ် ဖြစ်နေတော့သည်။

၅၀

ရွှက်သစ်ဝေပါပြီ –
ကိုယ်တော့်ယိုစီး ကျမျက်ရည်
သုတ်နိုင်ချင်ဘိသည်။ ။

ဗသျှိုး

http://nyisay.com

ဤဟိုက္ကူ၏ နောက်ခံသမိုင်းမှာ ဤသို့ဖြစ်ပါသည်။ ဂျပန်ပြည်၊ ရှေးဟောင်း နေပြည်တော် နာရာမြို့တွင် သျှိုးဒအိဂျိဝတ်ကျောင်း ရှိပါသည်။ ဤဝတ်ကျောင်းကို တရုတ်ရဟန်းတော် ကန်ဂျင် (ဂန်ရှင်) က တည်ထောင်ခဲ့ပါသည်။ သက္ကရာဇ် ၇၄၅ ခုနှစ်တွင် ရဟန်းတော်သည် တရုတ်ပြည်မှ ဂျပန်ပြည်သို့ သာသနာပြုရန် ပင်လယ်ကိုဖြတ်၍ လာရသည်။ ပင်လယ်ခရီးကြမ်းတွင် ဒုက္ခအမျိုးပေါင်း ခုနစ်ဆယ်ကျော် တွေ့ခဲ့ရသည်။ ပင်လယ်လေနှင်ထိ၍ မျက်စိ လုံးဝကွယ်ရသည်။

ဗသျှိုးသည် ခရီးရှည်လှည့်ခိုက် သျှိုးဒအိဂျိဝတ်ကျောင်းတွင် ကန်ဂျင်ကိုယ်တော်ကြီး၏ ပုံတော်ကို ဖူးမြော်သောအခါ ဤသမိုင်းကြောင်းအချက်ကို သတိရ၍ အထက်ပါ ဟိုက္ကူကို ဖွဲ့ဆိုခဲ့ပါသည်။

ဗသျှိုး ဖူးမြော်ခဲ့သည့် ကန်ဂျင်ကိုယ်တော်ကြီး၏ ပုံတော်ကို ယနေ့တိုင် ဖူးနိုင်ပါသေးသည်။ မကြာသေးမီအတွင်းက ဤပုံတော်ကို ပြင်သစ်ပြည် ပါရဂ်မြို့၌ တခမ်းတနား ပြသအပူဇော်ခံခဲ့ပါသေး၏။

၅၁

ဖွားတော်မူနေ့ဝယ်
သမင်ငယ်လေး မွေးပါတယ်
(အလွန်အံ့သြဖွယ်)။ ။

ဗသျှိုး

မြတ်စွာဘုရား ဖွားတော်မူသည့်နေ့တွင် သမင်ကလေးမွေးသည်ဆိုသောကဗျာ၏အနက်တွင် သာမန်ကြည့်လျှင် သာမန်လူတို့အဖို့ အကြောင်းထူး

http://nyisay.com

ကို မမြင်နိုင်။ သို့သော်လည်း သားတို့ကို ဘေးမဲ့ပေးရာ မိဂဒါဝုန်တော မြတ်စွာဘုရားသခင်၏ ဓမ္မစကြာ တရားပွဲမှအစ ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်တွင် ပါရှိသည့် သမင်များအကြောင်းကို ကြားဖူးနာဖူး ဖတ်ဖူး ရွတ်ဖူးသူတို့အတွက်မှာကား သမင်ဆိုလျှင် အလိုလို ကြည်နူးလာပါသည်။ ထိုမျှမကသေး ဗုဒ္ဓဝင်နှင့် တွဲပေးလိုက်သော အခါတွင်ကား သမင်၏ ချစ်ဖွယ် ခင်ဖွယ် ကြင်နာဖွယ်သော အဖြစ်သည် များစွာ တိုးတက် မြင့်မားလာပါတော့သည်။ ဂျပန်တို့ကား နာရာမြို့ဝတ်ကျောင်း ပရိဝုဏ်ကြီးတစ်ခုကို သမင်ဥယျာဉ်လုပ်ကာ သာသာယာယာ ထားပါသည်။ သမင်များသည် ဘုရားဖူး ဧည့်သည်များနှင့် ရောနှော ဥယျာဉ်ထဲတွင် လှည့်ပတ် သွားလာနေကြပါသည်။

ဂျပန်ပြည်တွင် ဘုရားဖွားတော်မူနေ့မှာ ချယ်ရီပန်းပွင့်သော နွေရာသီ ဧပြီလ ရှစ်ရက်နေ့ ဖြစ်ပါသည်။ လက်ညှိုးတစ်ချောင်း ထောင်ထားသည့် ဖွားတော်မူစ အလောင်းတော်၏ပုံကို လူတို့က လက်ဖက်ရည် အချို သွန်းလောင်းပူဇော်ကြပါသည်။ ပန်းမျိုးစုံ ကပ်ကြပါသည်။ ဝတ်ပြုဆုတောင်းကြပါသည်။

၅၂

တစ်အိမ်လုံးပါပဲ
ဆံဖြူဖွေးနှင့် တောင်ငှေးစွဲ –
သချိုင်းပူဇော်ပွဲ။ ။

ဗသျှိုး

http://nyisay.com

ဇူလိုင်လ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်သည် **အိုဗွန်း** ပွဲတော်ရက် ဖြစ်ပါသည်။ ပထမ နှစ်ရက်တွင် ဂျပန်လူမျိုးတို့သည် ဘိုးဘွားတို့၏ သချိုင်းသို့သွားကာ ရှိခိုးကြသည်။ တစ်ခါသော် ဗဿုိးသည် ထိုပွဲတော်ရက်အတွင်း မိမိ၏ ဇာတိရပ်ရွာသို့ ရောက်သည်။ ထိုအခိုက် အထက်ပါ ဟိုက္ကူကဗျာကို ရေးပါသည်။

သူ၏ ရပ်သူရွာသား သက်ကြီးရွယ်အိုများသည် ဆံပင်ဖြူဖြူနှင့် တောင်ဝှေးထောက်ကာ သချိုင်းကြို သချိုင်းကြားတွင် လှည့်လည်၍ ပန်းတင်ကြ၊ မီးထွန်းကြ၊ ရှိခိုးကြသည်ကို မြင်ရသော ဗဿုိး၏ စိတ်တွင် တစ်နေ့သောအခါ၌ ထိုသူများသည်လည်း သွားလေသူတို့၏ နောက်သို့ လိုက်ရမှာပါတကားဟု သံဝေဂယူ၍ ရေးလိုက်သည်ဟု ပညာရှင်များ အဓိပ္ပာယ်ကောက်ကြပါသည်။ ထိုရက်အတွင်းတွင် ဗဿုိး ကိုယ်တိုင်ပင် မိဘဘိုးဘွားတို့၏ သချိုင်းကိုသွားကာ ရှိခိုးကန်တော့သည် ဖြစ်ပါသည်။

၅၃

နေလမ်းကြောင်းရှိရာ
ပန်းချဉ်ပေါင်ပွင့် ယိမ်းနွဲ့ပါ –
ကဆုန်မိုးထဲမှာ။ ။

ဗဿုိး

မြန်မာပြည် အထက်ပိုင်းတွင် လမ်းဘေး၌ တွေ့ရသော အပင်တစ်မျိုးမှာ နေလှည့်ပင် ဖြစ်ပါသည်။ နေရှိရာသို့ လှည့်နေသည်ဟု ဆိုပါသည်။

http://nyisay.com

ပန်းချဉ်ပေါင်ပွင့်သည်လည်း နေရှိရာသို့ လှည့်လည်သည်ဟု သိရပါသည်။ မိုးရိပ်မိုးသားတို့အကြားတွင် ကွယ်ဝှက်နေသော နေကိုပင် ငဲ့၍ ပန်းချဉ်ပေါင်ပင် ယိမ်းနွဲ့သည်ဟု ဗဿျီး ဆိုပါသည်။ ကဲကြမ္မာကို ရည်ရွယ်၍ ဆိုလေသလား။ ကဲကြမ္မာကို လူများ မမြင်နိုင်ကြ။ သို့သော်လည်း ပြဖူးသော ကဲကြမ္မာရှိရာသို့ လူတို့ ယိမ်းနွဲ့ရသည် မဟုတ်ပါလား။

၅၄

နွေမြက် နွေပင်များ
သူရဲသူခက် အိပ်မက်သွား
ကျန်သမျှတကား။ ။

ဗဿျီး

တစ်နေ့သော် ဗဿျီးသည် ရာဇဝင်တွင် ထင်ရှားခဲ့သည့် ရဲတိုက်ကုန်းကြီး တစ်ခုကို တက်သွားသည်။ ရှေးအခါက ဤနေရာတွင် မင်းစိုးရာဇာ မှူးသားမတ်သား စစ်သည်တော်များသည် တဝင်းဝင်း တလက်လက်နှင့် မင်းမူခဲ့ကြသည်။ စစ်သဘင် ခင်းကျင်းခဲ့ကြသည်။ ရန်သူကို ချေမှုန်းခဲ့ကြသည်။ ရန်သူ၏ ချေမှုန်းခြင်းကို ခံခဲ့ကြသည်။ စစ်စည်စစ်မောင်း စစ်ခရာသဲတို့ဖြင့် ခမ်းနားကြီးကျယ်သော ထိုရဲတိုက်ကြီး ယခု မရှိတော့ပြီ။ သူရဲသူခက်တို့လည်း ကွယ်လွန်ခဲ့ကြပြီ။ သူတို့နေရာတွင် နွေမြက် နွေပင်များသာလျှင် ခြောက်သွေ့နေသည်။ ဗဿျီး မျက်ရည်မဆည်နိုင်။ သူရဲသူခက် မင်းကြီးစိုးကြီးတို့ မြင်မက်သွားကြသော အိပ်မက်တို့၏ နိဂုံးမှာ ဤနွေမြက် နွေပင်များသာပါတကား။

http://nyisay.com

၅၁

ဆိတ်ငြိမ်ပါဘိခြင်း –
ကျောက်စိုင် ကျောက်ခဲ ထိုးဖောက်ချင်း
အော်သံ ပိုးနတ်ညှင်း။ ။

ဗသျှိုး

နွေရာသီ၊ နေပူပူ၊ ဝတ်ကျောင်းတော်ကြီး တစ်ခုဏ၏ ပရိဝုဏ်အတွင်း၊ အလွန်တိတ်ဆိတ်သည်။ ထိုအခိုက် သစ်တစ်ပင်မှ ပုစဉ်းရင်ကွဲ (နတ်ညှင်းကောင်) တစ်ကောင်၏ စီရီ စီရီဆိုသော တုန်ခါသံ ထွက်ပေါ်လာသည်။ တိတ်ဆိတ်မှုကို ဖျက်ဆီးသော အသံလား။ တိတ်ဆိတ်မှုကို အားပေးသော အသံလား။ ဤတုန်ခါသံမရှိက တိတ်ဆိတ်မှုဂုဏ် ထင်ပေါ်နိုင်ပါမည်လား။ **ဇဉ်းတီတီဗျယ်** (= ပုစဉ်းတီတီမြည်) ဆိုသော ထားဝယ်စကားသည် တိတ်ဆိတ်ငြိမ်သက်မှုကို ပြသည်။ ဗသျှိုးနှင့် သဘောတူပေသည်။ ပုစဉ်းရင်ကွဲ၏ အသံသည် ကျောက်စိုင် ကျောက်ခဲကို လွန်ပူနှင့် လွန်နေသောအသံကဲ့သို့ ရှိသည်။ ကျောက်စိုင် ကျောက်ခဲထဲသို့ ချင်းဖောက် ထိုးဝင်သွားသည်ဟု ထင်ရသည်။

၅၆

အိုင်အိုကြီးပါလား –
အလို ရွှေဖား ခုန်ဆင်းသွား
ပလုံ ရေသံကြား။ ။

ဗသျှိုး

http://nyisay.com

ဂျပန်မူရင်းမှာ အလွန်ရိုးပါသည်။ **အိုသောရေအိုင်၊ ဖားခုန်ဆင်း၊ ရေသံ။** ဤမျှသာ ဖြစ်ပါသည်။ ဤဟိုက္ကူသည် ဂျပန်စာပေ လောကတွင် လူသိအများဆုံးကဗျာ ဖြစ်သည်ဟု ဆိုပါသည်။ နက်နဲသော အဓိပ္ပာယ်တို့နှင့် ပြည့်သည်ဟုလည်း ဆိုပါသည်။ သို့သော်လည်း တချို့သော ပညာရှင်တို့ကမူ ဤဟိုက္ကူနှင့် ပတ်သက်၍ အတွေ့မခေါင်ကြပါနှင့်။ စာဆိုကြီး ဗသျှီးသည် သူ့အထက်က ကဗျာဝါဒများနှင့်အညီ ဟိုက္ကူကို အလင်္ကာဆင်၍ ရေးစပ်ခဲ့ရာမှ ရုတ်တရက် ဉာဏ်အလင်းရကာ ဤ**အိုင်အိုကြီး** ကဗျာကို အဖွဲ့အနွဲ့မပါ၊ စကားရိုးရိုးနှင့် တဲ့တိုးရေးလိုက်ခြင်းမျှ ဖြစ်ပါသည်။ အတွေ့ကို အတွေ့အတိုင်းအဖြစ်ကို အဖြစ်အတိုင်း ရေးလိုက်ခြင်းမျှ ဖြစ်ပါသည်ဟု ဆိုကြပါသည်။ သို့သော်လည်း ဤဟိုက္ကူသည် ကဗျာဝါဒသစ် (=ဗသျှီးဝါဒ) ၏ သဲအုတ်မြစ် ဖြစ်သွားပါသည်။

လောက သဘာဝကို တစ်နေ့မပြတ် ဆင်ခြင်၊ သုံးသပ်နေသော ဉာဏ်ကြီးရှင် ဗသျှီးသည် ဤကဗျာကို ဖွဲ့ရာ၌ လောကသဘာဝနှင့် ပတ်သက်သည့် မိမိ၏ အတွေ့အကြုံ ခံစားချက်များကို လွယ်လွယ်ရှင်းရှင်းနှင့် လိုရင်းရောက်အောင် မထည့်ဘဲနေမည် မဟုတ်ပါဟု တွေးစရာ ရှိပါသည်။ ဤသို့တွေး၍ ဤကဗျာကို အကြိမ်ကြိမ် ဖတ်ကြည့်ကြပါ။ ကဗျာထဲက ဆန်းကြယ်ထွေပြား ခက်ခဲနက်နဲသော အဓိပ္ပာယ်တို့သည် ကိုယ်ယောင်ပြလာကြပါလိမ့်မည်။

အိုသော ရေအိုင်တစ်ခုကို စိတ်တွင် စဉ်းစားကြည့်ပါ။ ကြာဖြူ၊ ကြာညို၊ ကြာနီပင်၊ ကတောက်ပင်၊ ရေညှိပင်၊ အဟောင်းအသစ်၊ အညှိုးအလန်းတို့ဖြင့် ရှုပ်ထွေး အိုမင်းနေသော ထိုရေအိုင်အတွင်းရှိ ကြာဖက်ပေါ်မှ ဖားတစ်ကောင် ခုန်ဆင်းသွားသည်။ ခုန်ဆင်းသံကို ကြားလိုက်ရသည်။

http://nyisay.com

ဖားခုန်ဆင်းသံကို ကြားရအောင် အလွန်ဆိတ်ငြိမ်ရပေမည်။ အလွန်ဆိတ်ငြိမ်ရအောင် လူသူလေးပါးနှင့် ဝေးကွာရပေမည်။ လူသူလေးပါးနှင့် ဝေးကွာရအောင် တောနက်ထဲတွင် ဖြစ်ရပေမည်။ တောနက်ထဲတွင် ရောက်နေရအောင် ထိုပုဂ္ဂိုလ်သည် တိတ်ဆိတ်မှုကို ကြိုက်သောသူ ဖြစ်ရပေမည်။

ထိုပုဂ္ဂိုလ်သည် တိတ်ဆိတ်ခြင်းရေကြောတွင် မျောနေခိုက် ဖားခုန်သံကို ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသောအခါ လန့်နိုးသွားသည်။ လောကဓံ၏ တိတ်ဆိတ်ငြိမ်းချမ်း မှုကိုလည်း ဤသို့သော ဖားခုန်သံများက ဖောက်ထွင်းဖျက်ဆီး တတ်ပါကလားဟု သူ တွေးမိပေလိမ့်မည်။ ဤမျှကား ကျွန်တော် တစ်ထိုင်တည်းလျှောက်၍ တွေးမိခြင်းမျှ ဖြစ်ပါသည်။ စာဖတ်သူသည် မိမိအလိုအလျောက် တွေးကြည့်နိုင်ပါသည်။

ဆရာတစ်ဦးကမူ ဤသို့ မှတ်ချက်ချပါသည်။ ဗဿီးသည် ဤဟိုက္ကူနှင့် သူ၏ အကောင်းဆုံး အခြားဟိုက္ကူတို့တွင် သိဒ္ဓိပေါက်သွားသည်မှာ ထာဝရတရားနှင့် တစ်ခဏတရားတို့ကို တစ်ချက်တည်း ဖမ်းယူလိုက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အိုင်အိုကြီးသည် ထာဝရတရား ဖြစ်သည်။ ထာဝရတရားကို ကျွန်ုပ်တို့ မျက်မှောက်ပြုနိုင်ရအောင် တစ်ခဏ နှောင့်ယှက်မှုကလေးတစ်ခုခု ရှိရပေမည်။ ဤတွင် ဖားခုန်ဆင်းသံသည် တစ်ခဏနှောင့်ယှက်မှု ဖြစ်သည်။ သို့သော်လည်း အိုင်အိုကြီးသည် ထာဝရတရားထဲသို့ တစ်ဖန် နစ်ဝင်သွားပြန်သည်သာ။

ဆိတ်ငြိမ်သော ဝတ်ကျောင်း ပရိဝုဏ်တွင် ကျောက်စိုင် ကျောက်ခဲထဲသို့ ထိုးဖောက်ဝင်သွားသော ပုစဉ်းရင်ကွဲ၏ အသံအကြောင်း ဟိုက္ကူ

http://nyisay.com

တွင်လည်း ဤနည်းအတိုင်း ဖြစ်သည်။ ဝတ်ကျောင်း၏ ဆိတ်ငြိမ်ခြင်းသည် ထာဝရတရား၊ ပုစဉ်းအော်သံသည် တစ်ခဏတရား။ တစ်ခဏတရားနှင့် ကပ်ပြလိုက်၍ ထာဝရတရား ထင်ပေါ်သွားပါသည်။ တစ်ခဏတရား လွန်သွားသောအခါ ထာဝရတရားသည် ထာဝရထဲသို့ တစ်ဖန်နစ်ဝင်သွားပြန်သည်သာ။ ပုစဉ်းအော်သံ ရပ်သောအခါ ဝတ်ကျောင်း ပရိဝုဏ်သည် ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်ပြန်သည်။

၁၇

နတ်ကွန်း တန်တိုင်းမှာ
မထင်မမှတ် တွေ့ရတာ
နိဗ္ဗာန်ဝင်ခန်းပါ။

ဗသျှီး

ဤဟိုက္ကူကို ဗသျှီးသည် အိဆေနတ်ကွန်းကြီးတွင် ဖွဲ့သည်။ အိဆေနတ်ကွန်းသည် ဂျပန်တို့၏ ရိုးရာဝါဒ သျှင်ဒိုဘာသာနှင့် ဆိုင်သည့် နေနတ်သမီး၏ နတ်ကွန်းဖြစ်သည်။ ဗုဒ္ဓသာသနာနှင့် မဆိုင်။ နတ်ကွန်းတွင် ရုပ်တုဆင်းတုမရှိ။ ဧကရာဇ်မင်းနှင့်ဆိုင်သော ရှေးဟောင်း မင်းဆောင် မင်းယောင်များရှိသည်။ ထို့ပြင် နေနတ်သမီးကိုယ်စား ကြေးမုံထားသည်။ ယခုသော် နတ်ကွန်းတန်တိုင်းတွင် ကုသိနာရုံ၌ ဘုရားသခင် ပရိနိဗ္ဗာန်စံပုံကို ဗသျှီးတွေ့ရသည်။ သူ အဲ့အားသင့်သွားသည်။ ဝမ်းသာသွားသည်။ သူ လက်ခုပ်တီး၍ ဦးညွတ်ကန်တော့မည် ဖြစ်သည်။

http://nyisay.com

၅၈

နိဗ္ဗာန်စံနေ့မှာ
အရေတွန့်လက်မြောက်ချီကာ
ပုတီးပွတ်သံသာ။ ။

ဗသျှိုး

ဘုရားသခင် ပရိနိဗ္ဗာန်စံသော နေ့တစ်နေ့တွင် အသက်ကြီးရင့်ပြီဖြစ်သော စာဆိုကြီး ဗသျှိုးသည် ဘုရားရပ်ပွားတော်ရှေ့၌ ဦးညွတ်ကန်တော့ကာ ဘုရားဂုဏ်တော်ကို အောက်မေ့၍ ပုတီးကို လက်နှစ်ဖက်တွင် ပွတ်သည်။ ထို့ကြောင့် ဤဟိုက္ကူကို ရေးဖွဲ့သည်ဟု ဆိုရပါမည်။

ဂျပန် ဗုဒ္ဓဘာသာတို့ ပုတီးဆောင်သည်ကို တွေ့ဖူးပါသည်။ သို့သော်လည်း မြန်မာဗုဒ္ဓဘာသာတို့ကဲ့သို့ ပုတီးစိပ်သည်ကို မတွေ့ဖူးပါ။ ဘုရားရှေ့တွင်ထိုင်၍ မြှောက်ထားသော လက်နှစ်ဖက်တွင် ပုတီးထည့်ကာ ပွတ်ရင်း ဘုရားစာများ ရွတ်ဆိုသည်ကိုကား တွေ့ဖူးပါသည်။

၅၉

ဆောင်းဦးကောင်းကင်နဲ့
တောင်ကုန်းထိပ်က နတ်ထင်းနဲ့
ကွဲတယ် ကွာတယ်ကွယ်။ ။

ကိကကု (၁၆၆၁–၁၇၀၇)

http://nyisay.com

ကိကကုသည် ဗသျှိုး၏ အတွင်းတပည့်ကြီးတစ်ဦး ဖြစ်သည်။ ဧဒိုမြို့ (ယခု–တိုကျိုမြို့) သားဖြစ်၍ မန်းဆန်ချင်သည်ဟု ဆရာတို့ ဆိုကြသည်။ ဗသျှိုးက ဣန္ဒြေကြီးသလောက် ကိကကုက ဟာသရွှင်သည်။ အကျိုးမများ၊ အနှစ်မပါ၊ ပြိန်ဖျင်းသော စကားကို တစ်ခါတစ်ခါ ပြောချင်သည်ဟုလည်း ဆိုကြသည်။ အဆင်ဆန်းထွင်၍ အကွက်ဆန်း မြင်တတ်သည်ဟုလည်း ဆိုကြသည်။ **တော်** သဖြင့် **လျှော်** သွားရသည်ဟုပင်လည်း ဆိုကြပါသည်။

မိုးနှင့်မြေကြီးကို လူတို့ မြင်နေကျ။ ထို့ကြောင့် ထူးခြားချက်ရှိလျှင်လည်း သတိမမူမိ။ ဂျပန်တွင် နွေပိုင်း၌ မြူမင်းလွှင်ထန်သဖြင့် မိုးကို နိမ့်သည်ဟု ထင်နိုင်သည်။ မိုးသား တိမ်လိပ်တက်သဖြင့်လည်း မိုးကို နိမ့်သည်ဟု ထင်နိုင်သည်။ ဆောင်းပိုင်း၌မူ မိုးနှင်းကျ၍ မိုးနှင့်မြေကြီး မကွဲမပြား တစ်သားတည်းကဲ့သို့ မြင်နိုင်သည်။ နှင်းမိုးရွာသဖြင့်လည်း မိုးနှင့်မြေကြီး တစ်သားတည်းကဲ့သို့ မကွဲမပြား မြင်နိုင်သည်။ နွေပိုင်း ဆောင်းပိုင်း မိုးနှင့်မြေကြီးကို မကွဲမပြား တွေ့နေရသူသည် နွေကုန်၍ ဆောင်းမရောက်ခင်ကြားကာလ သရဒရာသီ၌ ဆီးနှင်းမြူတိမ်သူရိုးမီးခိုး ကင်းစင်သော မိုးကောင်းကင်ကို မြင်ရသောအခါ ကောင်းကင်တခြား မြေကြီးတခြားပါလားဟု သတိပြုမိပေမည်။ ကောင်းကင်နှင့် မြေကြီးမထိမစပ်၊ အများကြီး ကွဲကွာနေပါကလားဟု သတိပြုမိပေမည်။ ယခု ကိကကုသည်လည်း ဤသို့ပင် အမြင်ဆန်းကို မြင်ရ၍ အံ့အားသင့်နေပါသည်။

http://nyisay.com

၆၀

ခိုစင်ခန်းထက်မှာ
ဆည်းဆာနေခြည် ငြိမ်သက်စွာ
နှစ်ဆုံးညနေခါ။ ။

ကိကကု

ဆန့်ကျင်ဘက်နှစ်ခုကို တွဲယှဉ်ပြထားသော ဟိုက္ကူတစ်ပုဒ်။ နှစ်ဟောင်း ကုန်ခါနီး နှစ်သစ်ဆန်းတော့မည့်အခါတွင် ဂျပန်တို့ အလုပ်ရှုပ်ကြသည်။ အိမ်နှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးလုပ်ရသည်။ မင်္ဂလာထင်းရှူးခက် ရှာရသည်။ မုန့်လုံးကြီးလုပ်ရန် မုန့်ထောင်းရသည် စသည်ဖြင့် **အလုပ်ရှုပ်** ကြသည်။ သို့သော်လည်း ဆောင်းဥတု၏ ဝင်ခါနီး နေရောင်ဖျော့ဖျော့ ကလေးသည် ခိုညည်းသံဖြင့် လှိုင်နေသော ခိုစင်ထက်တွင် မထင်မရှား **ငြိမ်သက်**စွာ ကိန်းနေသည်။ ဤသို့ ဆန့်ကျင်ဘက် နှစ်ခုရှိသည်ကို ဂျပန်တို့ အလိုအလျောက် ခံစားသိရှိနိုင်သည်။ ထို့ကြောင့်လည်း ဤ ဟိုက္ကူကို သူတို့ ကြည်နူးနိုင်သည်။ လူမျိုးခြားအတွက်ကား တစ်မျိုး ဖြစ်ပေမည်။

၆၁

ညခါ နတ်ပွဲက
သူတို့အာဇွေ့ ဖြူဖြူလွ
မျက်နှာဖုံးနောက်မှ။ ။

ကိကကု

http://nyisay.com

ဂျပန် နတ်ကွန်းများ၌ ပွဲတော်နေ့များတွင် မျက်နှာဖုံးအုပ် ဂျပန်များ **ကဂုရ** ခေါ်သော နတ်ကကို ကကြသည်။ ရပ်သူရွာသားများ ဝိုင်းတိုး ကြည့်ကြသည်။ တန်ဆောင်ဆီမီးရောင်တွင် တပြောင်ပြောင် တောက်ပ သော အဝတ်များလှပါဘိ၏။ ဝိုင်းကြီးပတ်ပတ်လှည့်ကာ ကပုံ ခုန်ပုံများ ကြွကြွရွရွ ရှိပါဘိ၏။ စည်တီးသံ၊ မြွေမှုတ်သံတို့ နားထောင်ကောင်း ပါဘိ၏။ ဤသို့ လူအများက ခံစားမိကြမည်။ သို့သော်လည်း အက သမားများ ဝတ်ထားသည့် မျက်နှာဖုံး၏အနောက်မှ ထွက်လာသော မောပန်းသည့် အာ၌သည် အပြင်ဘက် အအေးဓာတ်နှင့် တွေ့သောအခါ ရေနွေး၌ပမာ ရုပ်ပြောင်း၍ တထောင်းထောင်းထလျက် အကဝိုင်း ထဲတွင် တဝဲလည်လည် ဖြစ်သည်ကိုကား၊ ကိကကုသာလျှင် သတိ ထားမိသကဲ့သို့ ရှိသည်။ ဤကား သူ၏ အမြင်ဆန်းတစ်ကွက်ပါပေ။

၆၂

နှင်းဦး ဖြူဖွေးထက်
ဟောက်ဟောက်ပက်ပက် ကျင်ငယ်ကွက်
ဘယ်ကောင်ရဲ့လက်ချက်။ ။

ကိကကု

ဆောင်းဥတုတွင် ပထမဆုံးကျ၍ ဖြူဖွေးတောက်ပနေသော နှင်းပြင်သည် ပေါ်ဦးပေါ်ဖျားဖြစ်၍ လူချစ်လူခင် ခံရသည်။ ဂွမ်းစိုင် ဂွမ်းစုကြီးပမာ အိစက်နေသော ဤနှင်းပြင်ကြီးပေါ်တွင် တစ်စုံတစ်ယောက်သောသူသည် ကျင်ငယ်စွန့်သွားသဖြင့် နှင်းခဲ အရည်ပျော်ကာ အဝါကွက်ကြီး ထင်

http://nyisay.com

ကျန်ခဲ့သည်။ အကျည်းတန်ပါဘိသည်။ လုပ်ရက်လှပါဘိ။ ဤသို့ကိကကုက ညည်းလိုက်သည်။

နှင်း၏ အလှအပ ချစ်ဖွယ်သော ရူပကာယကို ပေါ်လွင်စေချင်၍ ဆန့်ကျင်ဘက် သဘောတစ်ခုနှင့်တွဲကာ ရေးလိုက်သည်မှာ ရေးသင့်ပါသည်။ သို့သော်လည်း ထိုဆန့်ကျင်ဘက် သဘောမှာ ကျင်ငယ်ဖြစ်နေသဖြင့် သင့်ပါမည်လားဟု စဉ်းစားစရာ ရှိပါသည်။ စာဆို ကိကကုသည် သူများမခြင်သည်ကို မြင်ပြီးလျှင် သူများ မတွေးသည်ကိုတွေး၍ သူများ မရေးသည်ကိုရေးသဖြင့် အကဲ့ရဲ့လည်း ခံရပါသည်။ အချီးမွမ်းလည်း ခံရပါသည်။

၆၃

ဥယျာဉ်စောင့်ကိုလေ
တရေးတမော အိပ်ပါစေ –
ချယ်ရီပန်းများ ကြွေ။ ။

ကိကကု

နွေဦးပေါက်ပြီ။ တစ်နှစ်လုံး မျှော်ခဲ့ရသည့် ချယ်ရီပန်းများ ပွင့်ကြပြီ။ တချို့သော ပွင့်ဖတ်တို့မှာ ရင့်ရော်ပြီဖြစ်၍ လေပြည်တွင် ကြွေကြပြီ။ သစ်ပင်အောက် မြက်ခင်းတွင် ပြန့်ကျဲလှုပနေသည့် ပွင့်ဖတ်များကို အိပ်နေသော ဥယျာဉ်စောင့်နိုးလျှင် တံမြက်စည်းဖြင့် လှည်းပစ်တော့မည်။ ထို့ကြောင့် ဥယျာဉ်စောင့် တရေးတမော အိပ်ပါစေဦးဟု ကိကကု ဆန္ဒပြုလိုက်သည့် ဟိုက္ကူဖြစ်ပါသည်။ အလှကို မြတ်နိုးသော ဂျပန်သဘော

http://nyisay.com

တစ်ရပ်ပါပေ။ **နှင်းဦးဖြူဖွေး**ကို မြတ်နိုး၍ဖွဲ့ပုံနှင့် **ချယ်ရီပန်း** ကို မြတ်နိုး၍ဖွဲ့ပုံကို နှိုင်းယှဉ်ကြည့်ပြီး လျှင် ခြားနားချက်ကို ဆင်ခြင်ကြည့်ပါ။

၆၄

အိပ်မက်ထဲ လာသွား
မေမေ့ကို ပြန်လွှတ်သလား
ဉဩ ဉဩကျား။ ။

ကိကကု

ဉဩကျားဟု ဤတွင် မြန်မာလိုရေးလိုက်သော ဂျပန်ငှက်မှာ **ဟိုတိုတိုဂိစု** ငှက် ဖြစ်သည်။ ဂျပန်အမည်မှာ မြည်သံစွဲအမည် ဖြစ်သည်။ ဤငှက်သည် ဉဩမျိုးဝင် ဖြစ်သည်။ သူတစ်ပါး အသိုက်တွင် မိမိဥကို ချသည်။ အသိုက်ရှင်က ဥကို ဝပ်ပေးရသည်။ ဥက ပေါက်သောအခါ ဧည့်သည် ငှက်ငယ်သည် အသိုက်ရှင်၏ ရင်သွေးများကို အသိုက်ထဲက ကန်ချသည်။ ဤသို့ အကျင့်ရှိသည့် ဉဩအမျိုးဝင် အဆင်းကျားသော ငှက်ဖြစ်သည်။ ဉဩကျားသည် မြန်မာဉဩကဲ့သို့ပင် ညအခါလည်း တွန်မြည်တတ်ပါသည်။ ပျံသန်းရင်းလည်း တွန်မြည်တတ်ပါသည်။

တစ်ခုသော နွေရာသီညတွင် ကိကကုသည် အိပ်မက်ထဲ၌ သူ့အမေနှင့် တွေ့ရသည်ဟု မြင်မက်နေပါသည်။ ကွယ်လွန်သော မိခင်နှင့် တွေ့ရသော သားသည် ဝမ်းသာနေမည်မှာ မလွဲပါ။ မိခင်ကို တွယ်ဖက်၍ နေချင်ပေလိမ့်မည်။ သို့သော်လည်း အပြင်ဘက် ထင်းရှူးတောမှ ဉဩကျားက တွန်မြည်လိုက်သည့်အသံကို ကြားရသောအခါ အိပ်နေရာမှ

http://nyisay.com

နိုးသွားသည်။ နိုးသည်နှင့် တစ်ပြိုင်နက် မိခင်လည်း ပျောက်သွားသည်။ ဥဩအော်လို့ မိခင်ပျောက်ရသည်ဆိုကာ ငှက်ကို ရန်တွေ့လိုက်သော ဟိုက္ကူ ဖြစ်ပါသည်။ မိခင်ကို တကယ်ချစ်၍ ဤဟိုက္ကူကို ကိကကု ရေးသည်ဟု ပြောသူက ပြောပါသည်။ အဆန်းထွင်ချင်၍ ရေးသည်ဟု ပြောသူက ပြောပါသည်။

၆၅

ရေကို ဖျန်းစမ်းပါ –
စာကလေးရော ပုစဉ်းပါ
ခိုအောင် ဖျန်းစမ်းပါ။ ။

ကိကကု

ဂျပန်ပြည်တွင် ရှေးထုံးစံအရ နွေဥတုကို ခြောက်ပိုင်း ပိုင်းထားပါသည်။ နောက်ဆုံး နှစ်ပိုင်းမှာ ဇူလိုင်လ ၇ ရက်တွင် စသည့် **သျှိုးသျှိုး** နှင့် ဇူလိုင်လ ၂၃ ရက်တွင် စသည့် **ဒအိသျှိုး** တို့ ဖြစ်ပါသည်။ **အပူကလေး၊ အပူကြီး** ဟု ဆိုလိုပါသည်။

ကိကကုသည် အပူကလေး၊ အပူကြီး တစ်နေ့နေ့တွင် ပူအိုက်လှ၍ ယပ်တောင်ကိုင်ကာ ဥယျာဉ်တစ်ခုအတွင်း သစ်ရိပ်တစ်ခုတွင် နားနေခိုက် စာကလေးများ ခုန်ဆွ ခုန်ဆွနှင့် အစာရှာနေသည်ကို မြင်ရသည်။ ပုစဉ်းရင်ကွဲများ သစ်ပင်ရွက်အုပ်ထဲတွင် စီရီ စီရီ အော်နေသည်ကို ကြားရသည်။ ထိုအခိုက် ဥယျာဉ်စောင့်သည် ရေတစ် ညှိုးခြောက်နေသည့်

http://nyisay.com

သစ်ပင်များကို ရေလောင်းသည်။ ဝီရိယကောင်းကောင်းနှင့် အစာရှာနေသည့် စာကလေးငှက် ငြိမ်သွားလောက်အောင် ရေဖျန်းစမ်းပါ။ ဇွဲကောင်းကောင်းနှင့် အော်မြည်နေသည့် ပုစဉ်းရင်ကွဲ ငြိမ်သွားလောက်အောင် ရေဖျန်းစမ်းပါ။ သို့မှသာ ဤအပူ ငြိမ်းပါတော့မည်ဟူ၍ ကိကကု ပြောလိုသည်ဟု ထင်မိပါသည်။ သို့မဟုတ်ကလည်း ကိကကု မိုးကို တ,နေသည်လား မပြောနိုင်ပါ။

၆၆

ဝိန်းရွက်ထဲမှာလေ
သူ့အသက်ကို ထုပ်ထားပေ
မိုးစက် မိုးပေါက်ရေ။ ။

ကိကကု

မြန်မာစကားတွင် သူ့လက်ထဲက ရေပါဆိုသော စကားစဉ်၏ အဓိပ္ပာယ်မျိုးရှိသည့် ဟိုက္ကူ ဖြစ်ပါသည်။ သွန်လိုသွန်၊ မှောက်လိုမှောက်၊ သောက်လို သောက်၊ သုံးလိုသုံး ဖြစ်ပါသည်။

၆၇

ဟင်းပြုတ်ဒယ်အိုးဝ
ခမောက်မိုးရေ စက်စက်ကျ
ကောက်စိုက်သူ မိန်းမ။ ။

ကိကကု

http://nyisay.com

အဝေးကောင်းကင်နိမ့်တွင် မိုးသား။ မိုးသားအောက်တွင် နှင်းဖြူဖွေးဖွေးနှင့် တောင်ထွတ်တောင်ရိုးများ။ တောင်ခြေတွင် တောတန်းမြက်ခင်း။ မြက်ခင်းနှင့် တစ်စပ်တည်းတွင် ဆည်ရေသောက် လယ်ကွက်များ။ လယ်ကွက်ထဲတွင် ကန်သင်းရိုးများ။ ကန်သင်းပေါ်တွင် ကောက်စိုက်သမများ ကောက်ဆုပ်ချ၍ ထမင်းစားရန် ချက်ပြုတ်နေကြသည်။ မိုးတစိမ့်စိမ့် ရွာနေသဖြင့် သူတို့၏ ခမောက်များမှ မိုးရေသည် ဟင်းပြုတ်ဒယ်အိုးထဲသို့ တစက်စက်ကျနေသည်။ ဤအခြင်းအရာကို ကိကကု ရေးဖွဲ့ထားပါသည်။ ဂျပန်မှု ကျွမ်းကျင်သူအချို့၏ အလိုအရဆိုလျှင် မြို့ကြီးဆန်သော စာဆို ကိကကုသည် ကောက်စိုက်သမတို့ကို ကြင်နာ၍ ဤသို့ရေးသည်မဟုတ်။ မသန့်ရှင်းသည်ကို ဖော်ထုတ်လို၍ မလိုတမာ ရေးခြင်းဖြစ်သည် ဆိုပါသည်။

၆၈

တစ်ထောင်သော လက်များ
လက်ရန်းပေါ်မှာပါတကား –
လေညင်းခံတံတား။ ။

ကိကကု

ပူအိုက်သော နွေရာသီတွင် လူတို့သည် အိမ်မှထွက်၍ နီးရာတံတားတွင် လက်ရန်းကို ကိုင်ကာ လေညင်းခံကြသည်ကို ဖွဲ့ဆိုထားပါသည်။ ကိကကုသည် လူတွေဟု တိုက်ရိုက်မဆို။ လက်တွေဟု ဆိုသည်။ သူ့မျက်စိထဲတွင်

http://nyisay.com

လေညင်းခံသမားတို့၏ ခေါင်း၊ ကိုယ်၊ ခြေထောက်တို့က မထင်ရှား၊ တံတားလက်ရန်းပေါ်တွင် အားပြုတင်ထားကြသော လက်များက အရေးကြီးနေသည်။ ကိုကကုသည် သူတစ်ပါးနှင့်မတူအောင် မြင်တတ်၊ ကြည့်တတ်၊ ရေးတတ်ပါသည်။

၆၉

မျက်နှာမှာ ကပ်တွယ်
ထမင်းလုံး ဖြူဖြူလေးကိုကွယ်
ယင်ကို ပေးလိုက်တယ်။ ။

ရန်စက်တစု (၁၆၅၄–၁၇၀၇)

ရန်စက်တစုသည် လယ်ယာဦးကြီးတစ်ဦး၏ သား ဖြစ်သည်။ အနွယ်၏ အမည်မှာ ဟတ္တိရိ။ အရွယ်ရောက်သောအခါ ဆမူရအိ တစ်ဦးအဖြစ် စစ်မှုထမ်းသည်။ အဝဂျိုကျွန်းသား ဖြစ်သော်လည်း အေဒိုမြို့တွင် ကြီးသည်။ နောင်အခါ အလုပ်မှထွက်၍ ပန်းချီအတတ်နှင့် ဟိုက္ကူပညာကို လိုက်စားသည်။ ထိုအခါ ဗသျှိုး၏ အတွင်းနေ တပည့်ကြီးတစ်ဦး ဖြစ်လာသည်။

ကိကကုသည် ဗသျှိုး၏ ဟိုက္ကူမူမှ ခွဲထွက်သလောက် ရန်စက်တစုသည် ဗသျှိုးမူကို ခြေရာထပ် လိုက်နာသည်ဟု ဆိုသည်။ စကားလုံး ချွေတာသိပ်သည်းသည့်အရာတွင် ဗသျှိုးကပင် ချီးမွမ်းရသည်။

ရန်စက်တစုသည် ရေချိုးအိမ်က ပြည့်တန်ဆာမနှင့် အိမ်ထောင်ပြုသည်။ သူ၏ ကဗျာများမှာ အရေအတွက်အနေ ဖြင့် ၄၂၄ ပုဒ်မျှသာ

http://nyisay.com

ရှိသော်လည်း အထူးထက်မြက်သည့် စာဆိုတစ်ဦးဖြစ်သည်ဟူ၍ လည်း ကောင်း၊ သူ၏ စိတ်ထားတည်ကြည်မှုမှာ သူ၏ ကဗျာတွင် ထင်ဟပ် လျက် ရှိသည် ဟူ၍ လည်းကောင်း ပညာရှင်များ မှတ်ချက်ချသည်။

အထက်ပါ ဟိုက္ကူတွင် သူ၏ သနားငဲ့ညှာတတ်မှုကို တွေ့နိုင်ပါ သည်။ ထမင်းစားရင်း မျက်နှာမှာ ကပ်နေသည့် ထမင်းလုံးကလေးကို အမှတ်မဲ့ လွှင့်မပစ်လိုက်ပါဘူး။ အနားမှာ အစာမျှော်နေသည့် ယင်ကောင် ကလေးကို ပေးလိုက်ပါတယ်တဲ့။

၇၀

စာလည်း မပါပါ
အမှာစကားလည်း ပါမလာ
မုန့်လုံး ၅ ထုပ်ပါ။ ။

ရန်စက်တစု

ဤတွင် ဂျပန်တို့ ယနေ့ထက်တိုင် လေးလေးစားစား လိုက်နာ ကျင့်သုံး နေသည့် ထုံးစံတစ်ခုကို သိထားဖို့ လိုပါသည်။ ဂျပန် ပြည်တွင် ငါးလ ငါးရက်နေ့ (= မေလ ၅ ရက်) သည် **တန်ဂိုနိုစက္ခု** ခေါ် ပွဲနေ့ဖြစ်သည်။ မြန်မာလို လူကလေး၏ နှစ်ပတ်လည်ပွဲနေ့ ဖြစ်ပါသည်။ သားယောကျ်ား လူကလေးရှိသည့် မိဘများက ကျင်းပပေးသောပွဲ ဖြစ်သည်။ ယင်းနေ့ တွင် တံခွန်တိုင် စိုက်ထူသည်။ ကံခွန်တိုင်ထိပ်တွင် အဝတ်ငါးရုပ် သို့မဟုတ် စက္ကူငါးရုပ်ကို တံခွန်လုံးသဖွယ် ဆွဲလွှင့်သည်။ သား တစ်ယောက်ရှိလျှင် ငါးတစ်ကောင်၊ နှစ်ယောက်ရှိလျှင် နှစ်ကောင် ကြီးစဉ်ငယ်လိုက် အထက်မှအောက်သို့ ချ၍ဆွဲသည်။ အနက်ရောင်၊

http://nyisay.com

အနီရောင်၊ အပြာရောင် စသည်ဖြင့် အရောင်အမျိုးမျိုးရှိသည့် ငါးရုပ်များ လေထဲတွင် တလွန့်လွန့် ပျံ့လွင့်နေသည်ကို မြင်ရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။ ယင်းငါးမှာ ဂျပန်လို **ကိုအိ** ခေါ်ပါသည်။ အင်္ဂလိပ်လို Carp ဟု ပြန်ကြပါသည်။ မြန်မာလို ယုဒသန် အဘိဓာန်အရ ငါးအုံတုံဟု ခေါ်ရပါမည်။ ငါးအုံတုံသည် ရေကို ဆန်ကူးသည်။ ရေစွယ်၊ ရေမော်၊ ရေတံခွန်တို့နှင့် ရင်ဆိုင်တိုးရလျှင်လည်း နောက်မတွန့်။ ခုန်၍ ပျံ၍ လွတ်မြောက်အောင် အားထုတ်သည်။ ဤဇွဲသတ္တိကို နိမိတ်ယူ၍ မိမိတို့၏ သားယောကျ်ားများ ဘဝခရီးတွင် တွေ့ရမည့် အခက်အခဲ ရေစွယ်၊ ရေမော်၊ ရေတံခွန်တို့ကို ကျော်လွှားနိုင်ရအောင် ငါးအုံတုံရုပ် တံခွန်လုံးကို လွှင့်သည်ဟု ဆိုပါသည်။ ယင်း **တန်ဂိုနိုစကူ** လူကလေး ပွဲရက်တွင် ဆွေမျိုးသားချင်း မိတ်သင်္ဂဟများက မေတ္တာလက်ဆောင်ပို့ကြပါသည်။ ယခု ဟိုက္ကူတွင်ပါသည့် မုန့်လုံးလက်ဆောင်ကိုမူ မည်သူက ပို့သည်ဟု မသိရ။ စာမပါ၊ အမှာစကားမျှလည်း ပါမလာ။ ဂုဏ်မဖော်လိုသူ၊ မပြစားလိုသူ၊ မထင်ပေါ်လိုသူ၏ လက်ရာဖြစ်သဖြင့် ရန်စက်တစုက ထူးထူးဆန်းဆန်းမှတ်ယူကာ ဤဟိုက္ကူဖြင့် မော်ကွန်းတင်လိုက်ခြင်း ဖြစ်ပါသည်။

၇၁

မြက်ရွက်တွေပေါ်မှာ
ကစားရှင်ပျ သွားလာပါ –
နှင်းစက် နှင်းပေါက်ရာ။ ။

ရန်စက်တစု

http://nyisay.com

လူ့အသက်သည် နှင်းစက်ကဲ့သို့ ခဏတာမျှသာသည်။ အသက်ရှင်နေသည့် ကာလတိုကလေးအတွင်း မိမိ ရောက်ရာအရပ်တွင် ပျော်ပျော်ရွှင်ရွှင်နေပါ အသင်လူသားဟု ရန်စက်တစု ဆော်သြလိုက်ခြင်း ဖြစ်ပါသည်။ မနက်နေခြည်နုတွင် နှင်းပေါက်ကလေး ချစ်ခင်စဖွယ် ကောင်းသလို လူတို့သည်လည်း ချစ်ခင်စဖွယ် ကောင်းသည်။ နှင်းပေါက်ကလေး ကြည်လင်ရွှင်ပျပုံရသကဲ့သို့ လူတို့သည်လည်း ကြည်လင်ရွှင်ပျကြလျှင် ကောင်းလိမ့်မည်ဟု ရန်စက်တစု ယူဆပုရပါသည်။

၇၂

မနက် မနက်မှာ
ကောက်ရိုးမိုးကာ နေလှန်းရာ
ပိုးစုန်း ခါမိပါ။ ။

ရန်စက်တစု

ပိုးစုန်းကြူး (=ပိုးစိမ်းဖြူ) များ တောက်စားသော ရာသီတွင် ဂျပန်လူမျိုးများသည် ကျားမကြီးငယ်မရွေး ညအခါ အိမ်မှထွက်၍ သစ်ပင်အုပ်၊ ရေစပ်၊ ဥယျာဉ်တို့တွင် ပိုးစုန်းကြူး ကြည့်တတ်ကြသည်။ ပွဲကြီး လမ်းကြီးတစ်ခု ဖြစ်သည်။ ပိုက်ဆံရှာသူတို့က ပိုးစုန်းကြူးဖမ်း၍ ရောင်းကြသည်။ ကုသိုလ်ရှာသူတို့က ပိုးစုန်းကြူးဝယ်၍ လွှတ်ကြသည်။ တချို့လူတို့ကမူ သူတို့အရှင်ကြီးနတ်၏ ပိုးစုန်းကြူး စစ်တပ်တိုက်ပွဲနိုင်အောင် စစ်ကူအဖြစ် ပိုးစုန်းကြူးလွှတ်သည်ဟု ဆိုသည်။ ပိုးစုန်းကြူးအကြောင်း

http://nyisay.com

ကို ရှေးအကျဆုံး ကဗျာညွှန့်ပေါင်းကျမ်း **မန်ယိုသျှူ** တွင် ဖတ်ရသည်။ ထို့ကြောင့် ဂျပန်များ၏ စိတ်တွင် ပိုးစုန်းကြူးကို အတော်ပင် သံယောဇဉ် ရှိနေကြသည်။

အထက်ပါ ဟိုက္ကူတွင် ဂျပန်တို့၏ သဘာဝသုံးမျိုးကို တွေ့ရပါသည်။ ကောက်ရိုးကို မိုးကာလုပ်၍ မိုးဒဏ် ကာကွယ်မှု သဘာဝတစ်ခု။ (ကောက်ရိုးကို ဖိနပ်လုပ်သည်။ ဖျာလုပ်သည်။ ကြိုးလုပ်သည်တို့ ကျန်ပါသေးသည်) မိုးလင်း၍ နေထွက်လျှင် မိုးကာကို မေ့ပစ်မထား။ ခြောက်သွေ့အောင် နေလှန်းမှုသဘာဝက တစ်ခု။ (မွေ့ရာ၊ ခေါင်းအုံး၊ အဝတ်အထည်၊ ဖျာ၊ ကော်ဇော စသည်တို့ကို နေလှန်းနေသည်တို့ ကျန်ပါသေးသည်) မိုးကာအင်္ကျီကို ရေခါထုတ်ရာတွင် ညက တွယ်ကပ်ပါလာသည့် ပိုးစုန်းကြူးကိုပါ ခါတွက်မိ၍ စိတ်မချမ်းမသာ ဖြစ်ရမှု သဘာဝတစ်ခု။ (နှံကောင်၊ ပုရစ်၊ ပန်းပင်၊ မြက်ပင် စသည်တို့ကို မသတ်မည်စ် မချိုးမဖဲ့ မဖျက်မဆီးသည်တို့ ကျန်ပါသေးသည်) ဤသဘာဝများကို ပုံစံအမျိုးမျိုးနှင့် ဂျပန်ပြည်တွင် တွေ့ရသည်။

၇၃

ဝါးပင်ပျိုငယ်ဟာ
ပခုံးတစ်ဖက် လှပ်ထားပါ
ရဲရင့် တည်ကြည်စွာ။ ။

ရန်စက်တစု

ဆမူရအိ သူရဲကောင်းအဖြစ် အမှုထမ်းခဲ့ဖူးသော ရန်စက်တစုု၏ သူရဲကောင်း ဘွဲ့ကဗျာတစ်ပုဒ်။ မျစ်ဘဝမှ လွတ်မြောက်စ ဝါးပင်ပျိုကို

http://nyisay.com

ကြည့်ပါ။ စောင်းချွန်သော ဝါးပပ်၏ ဟိုမှာဘက်တွင် ဝါးပပ်မရှိသော ဝါးလုံးသား။ ဤဝါးပင်ဖျိုကို မြင်ရသော စာဆိုသည် တက်ကြွသော စိတ်ဖြင့် ဓားတဝင့်ဝင့်လုပ်နေသော လူဖျိုလူငယ်ကို သတိသွားရသည်။ ရှေးခေတ် ဂျပန်လူငယ်သည် အကြောင်းရှိ၍ သတ္တိပြရမည်ဆိုလျှင် ဓားအိမ်မှ ဓားကိုဆွဲထုတ်၍ ဓားကိုင်သောလက် ဓားတဝင့်သာအောင် အင်္ကျီလက်တစ်ဖက်ကို ချွတ်ကာ ပခုံးကို လှပ်လိုက်သည်။ ဝါးပင်ကို မြတ်နိုး၍ သူရဲကောင်းစိတ်ကို လိုလားသော ဂျပန်တစ်ဦး၏ ကဗျာနိမိတ်ပုံ တစ်ခုပါပေ။

၇၄

နှင်းဖွေး ဝင်းပေါက်မှာ
ရေစည်ပိုင်းနှင့် ကြိတ်ဆုံဟာ
ပုံပေါ်ထင်ရှားလာ။ ။

ရန်စက်တစု

ရှေးခေတ် ဂျပန်အိမ်တစ်လုံး၏ ပန်းချီကားတစ်ချပ်။ ဂျပန်အိမ်ကို ခြံဝင်းခတ်ထားလေ့ရှိသည်။ ဝင်းပေါက်တွင် တံခါးနှင့်။ အိမ်နားတွင် ညစ်ထေးသော စပါးကြိတ်ဆုံတစ်ခု၊ သစ်သား စည်ပိုင်းဟောင်းတစ်ခွက်။ ဝင်းအတွင်း ဝင်တုံ ထွက်တုံလုပ်နေသူတို့သည် ကြိတ်ဆုံနှင့် စည်ပိုင်းကို တွေ့နေကျဖြစ်၍ ရိုးနေကြပြီ။ ရှိမှန်းပင် သတိမမူမိကြ။ သို့သော်လည်း ဆီးနှင်းများ လှိုင်လှိုင်ကျ၍ ဖွေးဖွေးဖြူသွားသောအခါတွင်မူ နှင်းပွင့်က ကောက်ကြောင်း ဖော်ပေးသဖြင့် ကြိတ်ဆုံလည်း ထင်းလာသည်။

http://nyisay.com

စည်ပိုင်းလည်း ပေါ်လာသည်။ အဝေးက လှမ်းကြည့်သောအခါ အနုပညာလက်ရာတစ်ခု၊ ကဗျာဆန်သော မြင်ကွင်းတစ်ခွက် ဖြစ်လာသည်။ ထို့ကြောင့် ရန်စက်တစုက ဤဟိုက္ကူကို ရေးလိုက်သည်။

၇၅

ဘာအသံမျှ မရှိ
စပါးပင်ကို စားမျိုဘိ
ခူကောင် မည်းဒိအိ။ ။

ရန်စက်တစု

ခူများ ကောက်ပင်ကို စားရာတွင် ဘာအသံကိုမျှ မကြားရ။ အန္တရာယ်မရှိသည့်အတိုင်း ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့်ပင် စပါးခင်းမှာ ကောက်ရိုးခင်းဖြစ်သွားရသည်။ ဤအဖြစ်ကို ရန်စက်တစု သတိမူမိသည်။ သူ ကြောက်သွားသလား။ တရားရသွားသလား။ လက္ခဏာရေး ၃ ပါးကိုများ မြင်သွားသလား။

ဆန်းသည့်အချက် တစ်ခုမှာကား ဟိုက္ကူ စာဆိုတို့သည် များသောအားဖြင့် သဒ္ဒါရဲကို ဖွဲ့တတ်ကြသည်။ ရေထဲ ဖားခုန်ဆင်းသံ၊ ရစ်ငှက်အော်သံ၊ ဥသြတွန်သံ၊ ပုစဉ်းရင်ကွဲမြည်သံ စသည်တို့ ဖြစ်ပါသည်။ ဤတွင်ကား အသံမရှိသည်ကို ရန်စက်တစု ဖွဲ့သည်။ ကျယ်ပြောသော လယ်ကွင်းလဟာပြင်၏ ကပ်ဆိုက်နေသော ဆိတ်ငြိမ်ခြင်းကို ဤသို့ဖွဲ့ဆိုသဖြင့် စာဖတ်သူ၏စိတ်ကို စိမ့်အေး ကြောက်လန့်စေလိမ့်မည် ထင်ရန် ရှိပါသည်။

http://nyisay.com

၇၆

ကန်သင်းရိုး တစ်လျှား
ခဏအော်၍ တိတ်ဆိတ်သွား
ဖားတွေပါတကား။ ။

ကိယိုရအိ (၁၆၅၁–၁၇၀၄)

ကိယိုရအိသည်လည်း ကိကကုနှင့် ရန်စက်တစုတို့ကဲ့သို့ ဗဿိုး၏ အတွင်းနေ တပည့်ကြီးတစ်ဦး ဖြစ်သည်။ နဂစကိမြို့ဇာတိ ဖြစ်သော်လည်း ကျိုတိုမြို့တွင် တက်နေသည်။ စစ်ပညာကို လေ့လာသော်လည်း ဟိုက္ကူ စာဆိုအဖြစ် အသက်မွေးသည်။ တရုတ်ကျမ်းဂန် လေ့လာသည်။ ပန်းချီဆေးရေးအတတ် ကျွမ်းကျင်သည်။ သို့သော်လည်း ဂျပန်လူမျိုး၏ ထုံးစံအတိုင်း ပတ်ဝန်းကျင် သဘာဝကို မြတ်နိုးသည်။ လေ့လာသည်။ မြင်တတ်သည်။ ဖွဲ့နွဲ့စာဆိုသည်။

မိုးကျ၍ လယ်ကွက် ရေတင်သောအခါ ညနေမိုးချုပ်နေရီချိန်၊ လယ်ကန်သင်းရိုးတစ်လျှောက်တွင် ဖားများစု၍ သံပြိုင်အော်ကြသည်။ ဇာတ်တိုက်ထားသည့်အလား ညီညီညာညာ အသံသေး၊ အသံကြီး၊ အသံစာစာ၊ အသံတုံးတုံး စု၍အော်ကြသည်။ အော်၍ကောင်းတုန်း တစ်စုံတစ်ဦးက အမိန့်ပေးလိုက်သည့်ပမာ ရုတ်တရက် အအော်ရပ်လိုက်သည်။ အားလုံးတစ်ပြိုင်နက်ပင် မရှေးမနှောင်း ရပ်လိုက်သည်။ ကွင်းပြင်ကြီးထဲတွင် ဆူညံနေသော ကန်သင်းရိုးသည် ချက်ချင်း တိတ်ဆိတ်သွားသည်။ ဆူညံခြင်းနှင့် တိတ်ဆိတ်ခြင်း ဆန့်ကျင်ဘက် သဘာဝတရား ၂ ခုကို ပခုံး

http://nyisay.com

ချင်း တိုက်ပေး၍ ဆိတ်ငြိမ်မှု၏ လေးနက်ပုံကို သရုပ်ဖော်လိုက်ခြင်း ဖြစ်ပါသည်။

၇၇

ဇာတိရပ်ကိုပင်
တရေးတမော အိပ်ရုံဝင် –
ခရီးသည်ငှက်လျှင်။ ။

ကိယိုရအို

ခရီးသည်ငှက် ဆိုသည်ကို အပူပိုင်းဒေသသားများ သတိမထားမိတတ်ကြ။ **ခရီးသည်ငှက်** ဆိုသည့် စကားလုံးကိုပင် ဘာသာပြန်၍ ဖန်တီးယူရသည်။ သို့သော်လည်း အအေးပိုင်းဒေသများတွင်ကား သတိမထားဘဲ မဖြစ်နိုင်လောက်သော ငှက်မျိုးဖြစ်သည်။ အကြောင်းမှာမူ ဆောင်းရာသီဘက်ကူး၍ ရာသီအေးစပြုလာလျှင် မြောက်ဘက် အအေးဇုန်မှ ငှက်တို့သည် အစုအအုပ်ဖွဲ့.ကာ ဥတုနွေးရာ တောင်ဘက်သို့ ပျံသန်းပြောင်းရွှေ့ကြသည်။ တစ်ဖန် နွေရာသီဘက်ကူး၍ ရာသီနွေးစပြုလာလျှင် အပူပိုင်းဇုန်မှ ဥတုအေးရာ မြောက်ဘက်သို့ ပျံသန်း ပြောင်းရွှေ့ကြသည်။ သူတို့ အသွားအပြန် လမ်းခရီးတွင် ရေမြေတောတောင် အိမ်ကျောင်းဧရပ် အဆောက်အဦများ၌ သူတို့ စုဝေးတည်းခိုသွားသည်ကို နှစ်တိုင်း တွေ့နေကြရသဖြင့် မရှောင်သာပါ။ ထို့ကြောင့် သူတို့ကို **ခရီးသည်ငှက်** ဟု ခေါ်ကြပါတော့သည်။ ကိယိုရအိသည်လည်း ဇာတိရပ်ရွာတွင် မနေ၊ ကျူတိုနှင့် အခြားအရပ်တို့တွင် လှည့်လည်နေ၍

http://nyisay.com

တစ်ခါတစ်ရံ နဂစကိသို့ ပြန်ရောက်သောအခါတွင် ငါချက်မြှုပ်ရာဟု အောက်မေ့ကာ ဝမ်းသာမည်ရှိတုန်း ထွက်ခွာရပြန်သည်။ ခရီးသည်ငှက်နှင့် တူတော့သည်ဟုပြောကာ ဝမ်းနည်းစကား ဆိုလိုက်ခြင်း ဖြစ်ပါသည်။

၇၈

ကိစ္စများလှအင် –
ပင်လယ်ထဲတွင် မိုးထဲတွင်
ရွက်ပြည့်ရွက်ဝက်တင်။ ။

ကိယိုရအိ

ဂျပန်ကျွန်းများအနီးရှိ ကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ရေလုပ်သားတို့သည် မိုးကို မရှောင်နိုင်။ လေကို မရှောင်နိုင်။ လှေငယ်တက်စင်းတို့ကို ရွက်အပြည့်တင်၍ လည်းကောင်း၊ ရွက်တစ်ဝက်တင်၍ လည်းကောင်း ပိုက်ချကြရသည်။ ငါးရှာကြရသည်။ အားသည် လပ်သည် နားနေရသည်ဟူ၍ မရှိကြ။ ဤအခြင်းအရာကို ကိယိုရအိ သတိပြုမိသည်။

ဂျပန် ဟိုက္ကူ စာဆိုတို့သည် များသောအားဖြင့် တရုတ် အဘိဓမ္မာဆရာကြီးများ၏ ကျမ်းဂန်တွင် နှံ့စပ်ကြသည်။ ဗျာန်ဂိုဏ်း ဗုဒ္ဓဘာသာအယူကို နှစ်သက်လိုက်နာကြသည်။ ပန်းချီမျက်စိ ရှိကြသည်။ ကိယိုရအိသည် ရွက်လှေများကို ပန်းချီမျက်စိနှင့် မြင်သည်။ ရေလုပ်သားတို့၏ ဘဝကို တရုတ် အဘိဓမ္မာဖြင့် သုံးသပ်သည်။ ကိစ္စများသည်၏ အဖြစ်ကို ဗျာန်သဘောဖြင့် ဆင်ခြင်သည်။ သို့ဖြင့် ဤဟိုက္ကူ ဖြစ်လာသည်။

http://nyisay.com

ဂျပန်စကားလုံး **အိဆိုဂသျှိ** (=ကိစ္စများ) သည် ပါဠိ စကားလုံး **ဗဟု ကိစ္စော**နှင့် အနက်တူသော ဗျာန်ဝါဒီတို့၏ လက်စွဲစကားတစ်လုံး ဖြစ်သည်ဟု ဆရာတို့ ဆိုကြသည်။ **ဃရာဝါသော ဗဟုကိစ္စော** ဆိုသည်ကို သတိရစရာ ဖြစ်သည်။ **ကိစ္စများမြောင်၊ ဤလူ့ဘောင်** ဆိုသည်နှင့် အတူတူ ဖြစ်သည်။

၇၉

ဖျော့တော့ လခြမ်းကွေး
လှည့်ကြည့်ဖို့ရန် မလွယ်သေး –
အလွန်ချမ်းလှအေး။ ။

ကိယိုရအိ

ရာသီ အလွန်အေးသည့်အဖြစ် လူတို့ အလွန်ချမ်းသည့်အဖြစ်ကို ပေါ်လွင်အောင် လခြမ်းကလေးနှင့်တွဲ၍ ဖွဲ့ဆိုထားသော ဟိုက္ကူဖြစ်သည်။

ဂျပန်တို့သည် ကောင်းကင်ကြည်လင်လျှင် လပြည့်ဝန်းကို ထွက်ကြည့်ကာ စိတ်ချမ်းသာမှုကို ရှာကြသည်။ အထူးသဖြင့်ကား သြဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ သုံးလသည် ဂျပန် သရဒရာသီ ဖြစ်သည်။ ဆောင်းဦးရာသီဟု ခေါ်ကြပါစို့။ သရဒရာသီတွင် ကောင်းကင်ကြည်လင်သည်။ လပြည့်ဝန်းကြီး အလွန်တင့်တယ်သည်။ လဝန်းထဲတွင် ယုန်ကလေး မုန့်ထောင်းနေသည်။ အဘိုးကြီး တစ်ယောက်နှင့် ဖားကြီးလည်း ရှိသည်။ သစ်ကြမ်းပိုးအကိုင်းများကို ချိုင်နေသူလည်း ရှိသည်။ ဤသို့ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့မှ ရောက်ဝင်လာသည့်

http://nyisay.com

ရှေ့ဟောင်းဝတ္ထုတို့ဖြင့် ဝေဆာနေသော လပြည့်ဝန်းကို ဆောင်းဦးရာသီတွင် ဂျပန်လူမျိုးတို့ အစုအသင်းဖွဲ့ကာ ထွက်ကြည့်ကြသည်။ လကြည့်ပွဲတော် ဖြစ်သည်။ လကြည့်ရင်း စားကောင်း သောက်ဖွယ်တို့ကို စားကြ သောက်ကြသည်။ ကဗျာလက်ာဖွဲ့ဆို ပြိုင်ဆိုင်ကြသည်။

အထက်ပါ ဟိုက္ကူတွင်ပါသည့် လခြမ်းကလေးမှာကား ဆောင်းရာသီ အနေးကြောင့် ကွေးနေသော လခြမ်းကလေး ဖြစ်သည်။ လကြည့်ဝါသနာ အလွန်ကြီးသော ကိယိုရအိသည် အပြင်ထွက်ခိုက် လခြမ်းကလေးကို အလွန်ကြည့်ချင်သည်။ သို့သော်လည်း အနေးဒဏ်ကြီးလွန်းသဖြင့် လှည့်၍ မကြည့်ရဲ။ လှည့်ကြည့်လိုက်လျှင် လည်ပင်းပေါ်သွား၍ အနေးဒဏ်ခံရမည်။ ထို့ကြောင့် ဝါသနာကို စွန့်ရပါသည်ဟု အနေးဘွဲ့ ထင်ရှားအောင် ဖွဲ့ဆိုလိုက်ခြင်း ဖြစ်သည်။

လကြည့်ဝါသနာနှင့် ဆောင်းအနေးတို့ကို ဖက်တွဲလိုက်သဖြင့် အနေးဓာတ်က ရိုက်ခတ်သောအခါ ဝါသနာဆီက ပဲ့တင်သံ ထွက်လာသည်။ ဝါသနာက ရိုက်ခတ်သောအခါ အနေးဓာတ်ဆီက ပဲ့တင်သံ ထွက်လာသည်။ ဤသို့ ပဲ့တင်သံ အပြန်အလှန်ထွက်အောင် ဖွဲ့ဆိုနိုင်ခြင်းသည် ဟိုက္ကူ စာဆိုအတတ်၏ သရဖူဖြစ်ကြောင်း ဟိုက္ကူပညာရှင်တို့ မိန့်ဆိုကြပါသည်။

၈၀

သည်လို ညမျိုးမှာ
လပြည့်ဝန်းကို ကြည့်မိပါ –
အသုဘ ပြန်ခါ။ ။

ကိယိုရအိ

http://nyisay.com

အထက်ပါ မြန်မာပြန်တွင် **အသုဘ** ဆိုသော စကားလုံးကို မတတ်သာ၍ သုံးလိုက်ပါသည်။ ဂျပန် ဗုဒ္ဓဘာသာထုံးစံနှင့် ညီညွတ်ချင်မှ ညီညွတ်မည်။ အမှန်မှာကား **မသာအိမ်မှအပြန်** ဖြစ်ပါသည်။ ဆွေမျိုးမိတ်သင်္ဂဟများ မသာအိမ်သို့ သွားသောအခါ ကွယ်လွန်သူ ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဆုတောင်းသည်ကို တွေ့ဖူးပါသည်။ ဝမ်းနည်းသည် အထိမ်းအမှတ်ပြသည်ကိုလည်း တွေ့ဖူးပါသည်။ ဤသို့ မသာအိမ်မှ ပြန်အလာလမ်းတွင် လပြည့်ဝန်းကြီး ထိန်ထိန်သာနေသည်ကို တွေ့ရသောအခါ မကြည့်ဘဲမနေနိုင်။ ကြည့်ပါသည်။ လပြည့်ဝန်း၏ သာယာပုံကို ခံစားမိသည်။ ဝမ်းနည်းမှုနှင့် ဝမ်းသာမှုသည် လူတစ်ဦးတည်းမှာပင် အခြားမဲ့ ဖြစ်ပေါ်တတ်သည့် ဓမ္မတာကို စာဆိုသည် မကွယ်မဝှက် ဟန်မလုပ်ဘဲ ထုတ်ဖော် တင်ပြထားခြင်း ဖြစ်ပါသည်။ စာဆိုတို့၏ သဘောသည် ဖြောင့်မှန်တည်တံ့ရသည်ကို ယုံကြည်သော ကိုယ်ရအို ဖြစ်ပါသည်။

၈၁

ဝံပုလွေ အူသံ
သံပြိုင်ဆူလို့ စီစီညံ –
ဆီးနှင်း ညဦးယံ။ ။

ကျိုးဆိုး (၁၆၆၂–၁၇၀၄)

အဆူအညံနှင့် အဆိတ်အငြိမ်ကို တိုက်ထားသည့် ဟိုက္ကူ တစ်ပုဒ်။ ဝံပုလွေအူသံ ကြားရသည့်အရပ်ကား တောစပ်ဖြစ်ရမည်။ ဆီးနှင်းကျ၍

http://nyisay.com

နှင်းခဲအောက်တွင် ငယ်ရုပ်မပေါ်။ နှင်းရုပ်ဖြစ်၍ ဖွေးဖွေးဖြူနေသော တောစပ်၊ တောင်ခြေ၊ ကွင်းပြင် အရပ်မျိုးသည် လူသွားလူလာ မရှိ။ တစပြင်ကဲ့သို့ အလွန်တိတ်ဆိတ်ငြိမ်သက် ကြောက်မက်ဖွယ် ကောင်းသည်။

အချိန်မှာ နေဝင်ရိုးရီ ဆည်းဆာချိန်။ ထိုခဏ၌ တောစပ်တွင် ဝံပုလွေ တစ်အုပ် တစ်ပြိုင်တည်း အူလိုက်သည်။ တောလုံးငြိမ့်မျှ၊ တောင်လုံးသိမ့်မျှ၊ ရိုးတွင်းစိမ့်မျှ ဖြစ်သွားသည်။ ယင်းခဏကို အရဖမ်း၍ ကျိုးဆိုးဖွဲ့လိုက်သော ဟိုက္ကူ ဖြစ်သည်။

၈၂

တည်သီး ဆွဲချိတ်လှုန်း
ကျနေထဲက အရိပ်ဆန်း —
လျှောတံခါးမှာ လွှမ်း။ ။

ကျိုးဆိုး

ဂျပန် တည်သီးသည် ပုံသဏ္ဌာန်အားဖြင့် ခရမ်းချဉ်သီးနှင့် တူသည်။ အရောင်ဝါနီသည်။ ဆောင်းဦးရာသီတွင် မှည့်သည်။

ဂျပန်ရိုးရာအိမ်တွင် ကဲလားလည်း မရှိ။ တံခါးလည်း မရှိ။ အိမ်ထရံဟူ၍လည်း မည်မည်ရရ မရှိ။ အိမ်လေးဘက် လေးမျက်နှာတွင် ည အခါ သစ်သားလျှောတံခါးနှင့် ပိတ်သည်။ နေ့အခါ လျှောတံခါးကို ဖြုတ်သိမ်း၍ စက္ကူလျှောတံခါးနှင့် အစားထိုးပိတ်သည်။ လေညင်းလေပြည် ရလိုလျှင် စက္ကူလျှောတံခါးကိုလည်း ဖြုတ်သိမ်းထားသည်။

http://nyisay.com

တည်သီး (ဂျပန်လို ကာကီသီး) မှည့်သောအခါ ခူး၍ အခွံကို သင်ပစ်သည်။ ပြီးလျှင် လေးငါးဆယ်လုံး တံစို့နှင့်သီသည်။ သို့မဟုတ် လေးငါးဆယ်လုံး ကြိုးတစ်ချောင်းတည်းတွင် အညှာကို ကြိုးချည်သည်။ ပြီးလျှင် နေပူထိရာ တံစက်မြိတ်တွင် အချောင်း အချောင်း သို့မဟုတ် အတန်းအတန်း ယှဉ်တွဲကာ တွဲလျားချနေလှန်းသည်။ ဥပမာအားဖြင့်ကား ပုတီးစေ့ ခန်းဆီးအလှကဲ့သို့ ဖြစ်သည်။ ယင်းတည်သီးတန်းများကို ညနေ နေရောင်က ထိုးလိုက်သောအခါ ဆန်းကြယ်သော အရိပ်များသည် စက္ကူလျှော်တံခါးပေါ်တွင် ကျသည်ကို အိမ်တွင်းက စာဆိုမြင်၍ စိတ်ကြည်နူးကာ ဤဟိုက္ကူကို ရေးလိုက်သည်။

၈၃

ဒူးတုပ် ထိုင်နေကြ
ဆေးကို ဝိုင်းရပြီးတော့ပါ့ –
အေးလေ စိမ့်လေစွ။ ။

ကျိုးဆိုး

ကျိုးဆိုးသည် ဤဟိုက္ကူကို ၁၆၉၄ ခု၊ အောက်တိုဘာ ၂ ရက်နေ့တွင် အိုဆာကာမြို့၌ ရေးသည်။ ထိုနေ့က ကျိုးဆိုး၊ ကိယိုရအိ၊ ကိကကု စသော မိတ်ဆွေတစ်စုသည် အသည်းအသန် ရောဂါဖိစီးခြင်းခံနေရသော ဆရာကဝိကြီး ဗသျှိုးကို ဝိုင်းရံထိုင်နေကြသည်။ အေးစိမ့်နေသည် ဆိုခြင်းဖြင့် သူတို့တတွေ စကားမပြောကြ။ မျက်နှာမဖော်ကြ။ ဒူးတုပ်ထိုင်ကာ တွေဝေ ငေးမောနေကြသည်။ ဗသျှိုးကိုယ်တိုင်လည်း မည်သည့်

http://nyisay.com

မရဏာ ကဗျာကို ဖွဲ့ဆိုခဲ့ရပါမည်နည်းဟု တွေးတော ဆိတ်ငြိမ်နေပုံရသည်ဆိုသော အခြင်းအရာတို့ကို သိရသည်။ အေးစက်သော မြင်ကွင်းတစ်ရပ်ပေ။

၈၄

မြည်သံတစ်ခုကြား –
တစ်ကိုယ်တည်းသာ လဲကျသွား
ငှက်ခြောက်ရုပ်ပါလား။ ။

ဗွန်ချိုး (၁၇၁၄ ကွယ်လွန်)

ငှက်ခြောက်ရုပ်ဆိုသဖြင့် လယ်ကွင်းကို သတိရနိုင်သည်။ လယ်ကွင်းဆိုသဖြင့် လူသူလေးပါး သွားလာလှုပ်ရှားနေသည်ကို သတိမရနိုင်။ လူမမြင်ရ သူမမြင်ရ ခြောက်ကပ်ကပ် လဟာပြင်ကျယ်ကို သတိရနိုင်သည်။ ဤမျှကား ဒေသအားဖြင့် စဉ်းစားချက်။

ကာလအားဖြင့် စဉ်းစားလျှင်ကား ငှက်ခြောက်ရုပ်သည် စပါးများ မှည့်ရွှမ်းခါနီး၊ မှည့်ရွှမ်းခါစ၊ မှည့်ရွှမ်းဆဲ စာကလေး စသော ငှက်များ လယ်ထဲတွင် ပျံဆင်းကျက်စားသော ဆောင်းဦးရာသီ နေပူတုန်းအခါ ဖြစ်သည်။

ထိုအခိုက် စာဆိုဗွန်ချိုးသည် ရင်ခေါင်းလောက် ကောက်ပင်များ အကြား ကန်သင်းရိုးပေါ်တွင် လမ်းလျှောက်သွားသည်။ စာဆိုတို့၏ ထုံးစံအတိုင်း သူ့အတွေးနှင့်သူ၊ လဟာပြင်ထဲတွင် ကြည်လင်သော ကောင်းကင်အောက်၌ တစ်ယောက်တည်း လမ်းလျှောက်သွားသည်။

http://nyisay.com

သို့မဟုတ်ကလည်း ဂျပန်တို့၏ ထုံးစံအတိုင်း ကောက်ပင်ကြားက ပိုးကောင်မွားကောင်များကို ကြည့်ရှု ကြည်နူးကာ လမ်းလျှောက်သွားသည်။ လယ်ကွင်းကျယ် လဟာပြင်ကား တိတ်ဆိတ်ငြိမ်သက်လျက်။

အတွေးယဉ်ကြောတွင် မျောနေသောအခိုက် ဗွန်ချိုးသည် ဖြုန်းဆို အသံတစ်ခုကို ကြားလိုက်ရသည်။ အမယ်။ ဘာသံပါလိမ့်။ အလန့်တကြား လှမ်းကြည့်လိုက်သည်။ ငှက်များကို နှင်ခြောက်ရန် မူလက မားမား မတ်မတ်ရပ်နေသော လူစွမ်းကောင်း ငှက်ခြောက်ရုပ်သည် မိုးလည်းမရွာ လေလည်းမလာ နှင့် ယခု သူ့အလိုအလျောက် လဲသွားသည်။ အင်း၊ ငါတို့ မမြင်နိုင်သည့် တရားသဘောတစ်ခုသည် ငါတို့ကို ဆွဲဖြို ဖျက်သိမ်းရန် ငါတို့နောက်က အရိပ်ပမာ တကောက်ကောက် လိုက်နေပါကလား ဟု ဗွန်ချိုး တွေးမိသည်ဟု ဂျပန့်ကဗျာ သဘောနှင့်အညီ ကောက်ယူနိုင်ပါသည်။ ဤသည်ကား စာဖတ်သူဘက်က တွေးတော ခံစားချက်တစ်ရပ်ဖြစ်သည်။

စာဆိုဘက်က ကြည့်ပါမူကား ဗွန်ချိုးသည် အရှိနည်း၊ အရှိစနစ်၊ အရှိဝါဒကို စွဲစွဲမြဲမြဲ လက်ကိုင်ပြု အသုံးချခဲ့သည်ဟု ပညာရှင်များက ဆိုပါသည်။ စာပေလောကတွင် (၁) အရှိ ဝါဒ၊ (၂) အဖီဝါဒဟူ၍ ဝါဒနှစ်မျိုး ရှိပါသည်။ အရှိဝါဒဆိုသည်မှာ အရှိကို အရှိအတိုင်းရေးသော ဝါဒဖြစ်ပါသည်။ မိမိ၏ အယူအဆ၊ အထင်အမြင်၊ ဝေဒနာခံစား‌ချက်၊ အလိုဆန္ဒ စသည်တို့ကို ဖော်မပြပါ။ အဖီဝါဒဆိုသည်မှာ မိမိ၏ အယူအဆ၊ အထင်အမြင်၊ ဝေဒနာခံစားချက်၊ အလိုဆန္ဒ စသည်တို့ဖြင့် ဖီ၍ရေးသော ဝါဒဖြစ်ပါသည်။ အရှိကို အရှိအတိုင်း ဖော်မပြပါ။ အထက်ပါ ငှက်ခြောက်ရုပ် ဟိုက္ကူကို ကြည့်ပါ။ အရှိကို အရှိအတိုင်း တင်ပြထားခြင်းမျှ ဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

http://nyisay.com

ဗွန်ချိုးသည် အရှိဝါဒီဖြစ်၍ မိမိနှင့် ခေတ်ပြိုင်အဖို ဝါဒီတို့အကြား တွင် မထင်ရှားခဲ့ရ။ မကြာမြင့်မီ ပေါ်ပေါက်ထွန်းကား ထင်ရှားတော့မည် အရှိဝါဒခေတ်၏ ရှေးပြေးရောင်နီကား ဖြစ်ပါလေသည်ဟု စာပေသမိုင်း ဆရာများက မိန့်ဆိုပါသည်။

၈၅

အသိဖြစ်ပြီးမှ
ကျုပ်တို့နှစ်ဦး ခွဲခွာကြ–
အို ငှက်ခြောက်ရုပ်တု။ ။

အိဇင် (၁၆၄၆–၁၇၁၁)

အိဇင်သည် သေရည်ဖိုရှင်တစ်ဦး၏ သား ဖြစ်သော်လည်း အိမ်မှာမနေ။ စိတ်အေးအေးထား၍ စိတ်တည်တည်ကြည်ကြည် မွေးကာ သင့်တင့် လျောက်ပတ်ရာတွင် စာပေကြည့်ရှု ဖွဲ့ဆိုနေသည်။ အထက်ပါ သူ၏ ဟိုက္ကူတွင် ဤသဘောမျိုးကို တွေ့နိုင်သည်။

ရှေးအခါက ခရီးသွားရသည်မှာ လမ်းကောင်းကောင်း ရှိသည် မဟုတ်။ တောင်ကျော်၊ တောဖြတ်၊ ချောင်းကူး၊ လယ်ကန်သင်းလျှောက် နှင့် သွားကြရသည်။ ယခု အိဇင်သည် လယ်ကွင်းလဟာပြင် နေရောင် အောက်တွင် တစ်ကိုယ်တည်း ခရီးသွားနေသည်။ နေပူသဖြင့် ကန်သင်းရိုး တွင် နားသည်။ အနီးတွင် ငှက်ခြောက်ရုပ်ရှိသည်။ လူသူကင်းဆိတ်သည့် ဤလဟာပြင်တွင် လူသဏ္ဌာန်လုပ်ထားသည့် အဝတ်စုတ်ငှက်ခြောက် ရုပ်သည်ပင် သူ၏အဖော် ဖြစ်သည်။ ကျနေတွင် ထိုးဆင်းနေသော

http://nyisay.com

ငှက်ခြောက်ရုပ်အရိပ်တွင် အိဇင် ခဏခေတ္တ ချွေးသိပ်ကောင်းသိပ်ပေမည်။ တစ်ကိုယ်ထီးတည်းအဖြစ်ဖြင့် ငြိုးငွေ့ပန်းလျနေခိုက်တွင် အသိဖြစ်ရသော ငှက်ခြောက်ရုပ်နှင့် အမြဲမနေနိုင်။ ခရီးဆက်ရန် ရှိသေးသည်။ ထို့ကြောင့် ဤဟိုက္ကူ ဖြစ်ပေါ်လာသည်။

အိဇင်၏ ခင်တတ်သောသဘော၊ ကျေးဇူးသိတတ်သော စိတ်ထား၊ ပတ်ဝန်းကျင်နှင့် ရင်းနှီးပေါင်းသင်းတတ်သော ဝါသနာတို့ကို ဤကဗျာက ဖော်ပြနေသည်။

ဗွန်ချိုး၏ ငှက်ခြောက်ရုပ်ဘွဲ့နှင့် ယှဉ်ကြည့်လျှင်ကား စနစ်ချင်းမတူသည်ကို တွေ့ရမည်။ အိဇင်သည် မိမိ၏ ခံစားချက်ကို ထည့်သွင်းဖွဲ့ဆိုထားသည်။ ရင်ဖွင့်သံပါသည်။ ထို့ပြင် စျာန်ဝါဒ သဘောတရား တစ်ရပ်ဖြစ်သည့် အနိစ္စလက္ခဏာကိုလည်း တင်ပြလိုပုံရသည်။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏။

၈၆

ညဉ့်လည်း နက်နက်လာ –
လယ်ကွက်တွေရဲ့ အပေါ်မှာ
နဂါးငွေ့တန်းပါ။ ။

အိဇင်

ညအခါ ကောင်းကင်တွင် တောင်နှင့်မြောက် မီးခိုးငွေ့တန်းကြီးသဖွယ် မြင်ရသော အဖြူရောင် ခါးပန်းကြိုးကို မြန်မာတို့က နဂါးငွေ့တန်းဟု ခေါ်သည်။ ဂျပန်တို့က **အမ၊ နိ၊ ဂဝ** (=ကောင်းကင်၏မြစ်) ဟု ခေါ်သည်။

http://nyisay.com

အိဇင်သည် လယ်ကွင်းထဲ ရောက်နေသည်။ ဒီတစ်ကြိမ်တွင်မူ ငှက်ခြောက်ရုပ်နှင့် အဖော်လုပ်ရသော နေ့အခါမဟုတ်။ ကြယ်တာရာတို့နှင့် အဖော်လုပ်ရသော ညအခါဖြစ်သည်။

ညဦး နေရောင်ပျောက်စအချိန်တွင် ကြယ်များမှာ မှုန်မှုန်မွှားမွှား။ တဖြည်းဖြည်း ညဉ့်နက်လာသောအခါ အမှောင် ထုလည်း နက်လာသဖြင့် ကြယ်များမှာ တောက်ပြောင်လာကြသည်။ အလွန်မှုန်သော နဂါးငွေ့တန်းသည်ပင်လျှင် ညဉ့်နက်လာသောအခါ ထင်ရှားလာသည်။

ညဉ့်နက်လာလေ ကြယ်များ တောက်ပြောင်လာလေ။ ကြယ်များ တောက်ပြောင်လာလေ လောကကြီး ဆိတ်ညံလာလေ။ လောကကြီး ဆိတ်ညံလာလေ တစ်ကိုယ်တည်းဘဝ ထင်ရှားလာလေ။ တစ်ကိုယ်တည်း ဘဝ ထင်ရှားလာလေ ငြီးငွေ့လာလေ ဖြစ်သည်။ တောကြီးဆိတ်ညံ၊ ဆီးကျဲကျဲတွင် နေရသည့် လက်ဝဲသုန္ဒရီ၏အဖြစ်နှင့် အိဇင်၏အဖြစ်သည် တူနေပါသည်။

၈၇

ဦးဦးဖျားဖျားဝယ်
ငှက်ခြောက်ရုပ်ကို တိုက်လဲတယ်
ဆောင်းဦး မုန်တိုင်းကွယ်။ ။

ကိယိရောကု (၁၆၅၆–၁၇၁၅)

ဂျပန်တို့သည် ငှက်ခြောက်ရုပ်ကို အသက်ရှိသောသူ တစ်ဦးအနေနှင့် သဘောထားကြသည်။ အစစအရာရာသိသော ပညာရှိ၊ သနားကြင်နာတတ်သော ကရုဏာရှင်၊ သည်းခံ ခွင့်လွှတ်တတ်သော ခန္တီဝါဒီတို့ အဖြစ်နှင့်လည်း အသိအမှတ် ပြုကြသည်။

http://nyisay.com

တိုင်ဖုန်းခေါ်သော ဆောင်းဦးမုန်တိုင်းကို ဂျပန်တို့ ကြောက်ကြသည်။ သြဂုတ်လ၊ စက်တင်ဘာလတို့တွင် တိုင်ဖုန်းအား အလွန်ကြီးသည်။ အိမ်မိုးလွှင့်နိုင်သည်။ အိမ်ပြိုနိုင်သည်။ ဆောင်းဦးမုန်တိုင်း၏ အမည်ကို ကြည့်ပါ။ **နိုဝကီ** ဖြစ်ပါသည်။ **ကွင်းလွင်ကို ခွဲသောလေ**ဟု အဓိပ္ပာယ်ရသည်။ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ဤလေးလသည် တိုင်ဖုန်းလေကြမ်း ဂျပန်ပြည်ကို မွေသောလများ ဖြစ်သည်။

ကိယိုရောကုသည် ဗသျှိုး၏ တပည့်ကြီးတစ်ဦး ဖြစ်သည်။ ပန်းချီအတတ်တွင် လိမ္မာသည်။ ဆရာဗသျှိုးကို ပန်းချီသင်ပေးသည်ဟု အဆိုရှိသည်။ ကိယိုရောကုသည် ဟိုက္ကူဖွဲ့.ရုံမျှမက ဟိုက္ကူ ဝေဖန်စာများကိုလည်း အကျယ်အပြန့်၊ အနက်အနဲ၊ ပွင့်ပွင့်လင်းလင်း၊ ယုံယုံကြည်ကြည် ရေးသားသည်ဟု ကျော်စောသည်။

အထက်ပါ ကဗျာတွင် ကိယိုရောကုသည် ငှက်ခြောက် ရုပ်ကို သနားပုံ၊ ဆောင်းဦးမုန်တိုင်းကို အပြစ်တင်ပုံ တွေ့ ရသည်။ **ဦးဦးဖျားဖျား** ဆိုခြင်းဖြင့် တိုင်ဖုန်းလေသည် ဆောင်းဦးရာသီ လေးလအတွင်း ဆက်ကာဆက်ကာ ပို၍ ပို၍ ဒုက္ခပေးဦးမည်ကို စိုးရိမ်မှုပြထားသည်။ **တပ်ဦးဘိလူးပါသည်** ဆိုသော မြန်မာ့စကားပုံနှင့် သက်ဆိုင်ပေမည်လား မသိရပါ။

၈၈

ခုခါ ပုံပြောကြား
ရှေးကငလျင် အကြောင်းများ
မီးလင်းဖိုအနား။ ။

ကိယိုရောကု

http://nyisay.com

ဂျပန်ကျွန်းစုတွင် တစ်နေရာမဟုတ် တစ်နေရာ၌ ငလျင်မလှုပ်သောနေ့ ဟူ၍ မရှိ။ ငလျင်ငယ်များကို ငလျင်တိုင်း ဝင်္ကာသာ သိသည်။ လူတို့ မသိနိုင်ဟု ဆိုသည်။ မျက်မှောက်ခေတ်တွင် အကြီးဆုံး ငလျင်မှာ ၁၉၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက် နေ့တွင် လှုပ်သော ငလျင်ဖြစ်သည်။ ယိုကိုဟာမ တစ်မြို့လုံး ပျက်စီးသည်။ တိုကျိုမြို့တွင် အတော်များများ ပျက်စီးသည်။ ငလျင်နောက်ဆွယ်က မီးလောင်မှလိုက်လာ၍ အပျက်အစီး ပိုရသည်။ ပင်လယ်က ဒီကြီးရိုက်၍လည်း အပျက်အစီး လွန်ရသည်။ ထို့ကြောင့် ဂျပန်တို့ ငလျင်နှင့် အလွန်ရင်းနှီးသည်။ ရှေးဟောင်း အယူဝါဒအရ ငလျင်လှုပ်သည့် အချိန်နာရီနှင့်အညီ တခြားကပ်များ ဆိုက်တတ်သည်ကို အောက်ပါလင်္ကာဖြင့် အမှတ်ပြုကြသည်။

ဆယ့်နှစ်နာရီ ကပ်ရောဂါ –
ရှစ်နှင့်လေးက မိုးကြီးရွာ –
ဆယ်နာရီမှာ မိုးခေါင်တတ် –
ခြောက်နှင့်နှစ်မှာ လေပြင်းခတ် –
ငလျင် နိမိတ်ဖတ်။

(အထက်ပါလင်္ကာတွင် ဂျပန်နာရီကို စက်နာရီသို့ ပြောင်းထားသည်)

ဂျပန်များ ငလျင်ကို ကြောက်ကြသည်။ သို့သော်လည်း မရှောင်သာ မတိမ်းသာ၊ ငလျင်နှင့်ပင် နေရသဖြင့် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ကြသည်။ ငလျင်များကြောင့် ကြောက်စဖွယ် သေကြ ကျေကြ ပျက်စီးကြသည့်အကြောင်းကို မှတ်တမ်းတင်ကြသည်။

အထက်ပါ ဟိုက္ကူတွင် ရှေးလွန်လေပြီးသောအခါက ငလျင်များ အကြောင်းကို ချမ်းချမ်းအေးအေးနှင့် မီးလင်းဖိုနားတွင် မီးလှုံရင်း လူကြီး

http://nyisay.com

သူမများက ကလေးသူငယ်များကို ရှေးစကားပုံပြင်အဖြစ် ပြောကြပုံကို ဖွဲ့ထားသည်။

ဤဟိုက္ကူတွင် စာဆို ကိယိုရောကုသည် ငလျင်လှုပ်စဉ်က ဒုက္ခ ရောက်ရပုံနှင့် ယခု မီးလင်းဖိုနား၌ နွေးနွေးထွေးထွေးနေရပုံတို့ကို အဖြူအမည်း တွဲဖက်ကာ ဖွဲ့ဆိုထားသည်။ တစ်ခုနှင့်တစ်ခု ရိုက်ခတ်ကာ ပဲ့တင်ထပ်နေသည်ကို သတိမူဖို့ ရှိသည်။

၈၉

ချယ်ရီ၊ ဥသြကျား
လမင်း၊ နှင်းပွင့်ဖြူဖြူများ
နှစ်ဟောင်း ကုန်လို့သွား။ ။

စမ္မူ (၁၆၄၇–၁၇၃၂)

ဟိုက္ကူကဗျာ၏ အရေးကြီးသော အင်္ဂါတစ်ရပ်မှာ **ကာလပြ ဝေါဟာရ** ထည့်သွင်းခြင်း ဖြစ်သည်။ နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီ၊ ဆောင်းရာသီဟု ရာသီအမည်ကို တိုက်ရိုက်ထည့်သည်လည်း ရှိသည်။ ယင်းရာသီတို့နှင့်ဆိုင်သော ရာသီပန်း၊ ရာသီငှက်၊ ရာသီမိုး၊ ရာသီနေ၊ ရာသီလ၊ ရာသီအခြေအနေ အမူအရာ စသည်တို့နှင့်ဆိုင်သော ဝေါဟာရ အသုံးအနှုန်းကို ထည့်သည်လည်း ရှိသည်။ အခြားသွယ်ဝိုက်သော နည်းတို့ဖြင့် ပြသည်လည်း ရှိသည်။ ဟိုက္ကူစာဆိုကြီး ဗသျိုးကမူ ယင်းဝေါဟာရမျိုးမပါလျှင် ဟိုက္ကူမဟုတ်ပြီဟူ၍ပင် ယူသည်။ ယင်းကို ဂျပန်စကားတွင် **ကိဂို** ခေါ်သည်။ အချိန်ကာလကို ပြသောစကားလုံး ဆိုလိုသည်။ မြန်မာလို **ရာသီညွှန်းပုဒ်** ဆိုလျှင် သင့်နိုးရာသည်။

http://nyisay.com

ရာသီညွှန်းပုဒ်၏အကျိုးမှာ အကျယ်ပြရမည်ကို အကျဉ်းဖြင့် ပြီးစေခြင်း ဖြစ်သည်။ ဥပမာအားဖြင့်ဆိုလျှင် မြန်မာမှုတွင် **ပိတောက်**ဟူသော စကားတစ်ခွန်းကို ကြားရသောအခါ နောက်က တန်ခူးလ၊ သင်္ကြန်ချိန်၊ ရေကစားပွဲ၊ နွားလွှတ်ပွဲ၊ ငါးလွှတ်ပွဲ၊ မုန့်လုံးရေပေါ်၊ သင်္ကြန်ထမင်း၊ ဥပုသ်ဇရပ်၊ နှစ်သစ်ကူး စသည်တို့နှင့်တကွ ယင်းတို့နှင့် ပတ်သက်သော ကျား၊ မ ကြီးငယ်တို့၏ ခံစားမှုအမျိုးမျိုးတို့သည် နိမိတ်ပုံများအဖြစ် တရိပ်ရိပ်တရေးရေး ပေါ်လာတော့သည်။ **ပိတောက်** တစ်လုံးနှင့် အများကြီး ကိစ္စပြီးသည်။

အထက်ပါ ကဗျာတွင် ဗသျှိုး၏ တပည့်ကြီး စမ္မုက နွေဦး၏ သင်္ကေတ **ချယ်ရီပန်း**၊ နွေ၏ **ဥဩကျား**၊ ဆောင်းဦး၏ **လမင်း**၊ ဆောင်း၏ **ဆီးနှင်း** တို့ကို အတိုချုပ်ပြထားသည်။ ဖတ်ခဲ့ပြီးသော ဟိုက္ကူတို့ကို ပြန်လည် ဆန်းစစ်ကြည့်ပါမူ ရာသီညွှန်းပုဒ်များကို တွေ့ရပါလိမ့်မည်။

၉၀

ကန်တော့ပါသေး—တဲ့
လူတွေအားလုံး ပြောကြရဲ့ –
နှစ်ကုန်ခါနီးကွဲ့။ ။

ရိုတစူ (၁၆၅၁?–၁၇၃၉?)

စာဆို ရိုတစူသည် သူဖုန်းစားဖြစ်သည်။ အိုးအိမ် အတည်တကျမရှိ။ အရပ်လှည့်၍ တောင်းခံ အသက်မွေးသည်။ ဗသျှိုးနှင့် တွေ့ဖူးသည်။ သို့သော်လည်း လွတ်လွတ်လပ်လပ်နေတတ်သော ဝါသနာကြောင့် ဗသျှိုးဂိုဏ်းကို မဝင်။ တစ်ကိုယ်တော်သမား ဖြစ်သည်။

http://nyisay.com

ရိုတစူသည် နှစ်ဟောင်းကုန်ခါနီး၊ နှစ်သစ်ဆန်းခါနီး လှည့်လည်တောင်းခံရာတွင် ဘာကိုမျှမရ။ ကန်တော့ဆန်ကိုသာ စားရုံကို အထက်ဟိုက္ကူတွင် ဖော်ပြသည်။

နှစ်ကုန်ခါနီးတွင် ဂျပန်များ အလုပ်ရှုပ်သည်။ သူတစ်ပါးကို လှည့်မကြည့်နိုင်။ ထို့ကြောင့် ဝင်းပေါက်တွင် လာရပ်သော သူဖုန်းစားအား ကန်တော့ပါသေးရဲ့သာ ပြောလိုက်ကြသည်။

မြန်မာပြန်ချက်တွင် **ရဲ့** နှင့် **ကွဲ့** ပါနေသဖြင့် ရိတစူ၏ နှလုံးထား အမှန်ကို ဖော်ပြရာရောက်ပါမည်လားဟု သံသယ ဖြစ်မိသည်။ ဂျပန်မူရင်းကို ကျွန်တော် သဘောပေါက်သမျှ ပြောရလျှင် ဝမ်းနည်းသံလည်း မပါ။ မကျေနပ်သံလည်း မပါ။ ဘဝအဖြစ်ကို သရော်သော ရယ်မောသံလည်း မပါ။

ကန်တော့ပါသေး–လို့၊ လူတွေအားလုံး ပြောတယ်ဗျို့၊ နှစ်ကုန်ခါနီးမို့–ဟု ပြန်လျှင် အနက်ရိပ် ပြောင်းသွားပြန်သည်။ မို့–ဟု ဆိုထားသဖြင့် မူရင်းတွင် အတိအလင်း ဖော်ပြမထားသော သဘောကို ကျွန်တော်က ဖွင့်ဆိုထားဘိသကဲ့သို့ ရှိပြန်သည်။ ဂျပန်စကားကို မြန်မာပြန်ရာတွင် ဤပြဿနာ အလွန်ကြီးသည်။ ကျမ်းကျင်သူတို့ ပြုပြင်နာလည်ကြစေလိုသည်။

၉၁

ရေကျေး ရေငှက်ပင်
အိပ်မောကျသည် ကျွန်ုပ်ထင်–
ယိုဂိုအင်းကြီးတွင်။ ။

ရိုတစူ

http://nyisay.com

ဒေသမှာ လူသူလေးပါး အသွားအလာနည်းသော အင်းကြီးတစ်ခု။ အခြေအနေမှာ အလွန်ဆိတ်ညံသော အခြေအနေ။ ကာလမှာ အလွန်အေးသော ဆောင်းရာသီ။ ရာသီညှိန်းပုဒ် ထင်ထင်ရှားရှား မပါသော်လည်း အင်းတွင် လှုပ်ရှားကျက်စားလေ့ရှိသော ရေကြက်၊ ရေဝမ်းဘဲ၊ ကြာဖက်နင်း၊ ဗျိုင်းအောက်၊ ဗျိုင်းနှမ်း စသည်တို့ကို မတွေ့ရဟု ဆိုသည်ကို ထောက်၍ ဆောင်းရာသီ၏ အအေးဒဏ် ပြင်းထန်သည်ကို သိရသည်။

သူဖုန်းစားဘဝတွင် တစ်ကိုယ်တည်းနေရသော ရိတစူသည် အခါတိုင်းတွင်မူ ရေကျေး၊ ရေငှက်များကို ကြည့်၍ အပျင်းပြေနိုင်သည်။ ယခုမှာ အရွှက်ကျ ဆွေးမြည့် ညစ်မည်းသွားသည့် မှော်ပင်၊ ကြာပင်၊ ပန်းပြားပင်၊ ဒိုက်ပင်များ မလှုပ်မယှက် ငြိမ်သက်နေသော အင်းရေတွင် မိမိအရိပ်ကိုသာ အဖော်ပြုနေရသည်။ သူ့စိတ် မည်သို့နေမည်နည်း။ သူ့ဘဝအကျိုးပေးကို သူ ကြဲကြဲခဲရပေမည်။

၉၂

ငဲ့ကုပ်အပေါ်မှာ
ငန်းရိုင်းကြီးများ ကျလို့လာ –
နှင်းခါးရိုက် ညခါ။ ။

ရိတစူ

ရိတစူသည် လှေခတ်၍ ခရီးသွားနေသည်။ ညအချိန်သည် ရေခဲလောက်အောင် အေးသဖြင့် နှင်းခါးရိုက်နေသည်။ မည်မျှ အအေးပြင်းထန်သည်ကို ပြလို၍ ကောင်းကင်တွင် ခရီးထွက်လာကြသော ငန်းရိုင်းကြီးများပင်

http://nyisay.com

သူ့ဦးခေါင်းကို ထိလုမတတ် နိမ့်ဆင်းပျံသန်းကြရသည်ဟု ဆိုလိုက်သည်။ ငန်းရိုင်းများအကြောင်းကို ဖွဲ့၍ သူ့ဘဝ၏ ဆင်းရဲကြီးပုံကို ထုတ်ဖော် တင်ပြသည်ဟု မှတ်ယူနိုင်ပါသည်။

မြေပြင်တွင် လည်းကောင်း၊ ရေပြင်တွင် လည်းကောင်း ဆီးနှင်းခဲ၍ လောကကြီး ကုပ်ကုပ်ကလေးကွေးနေချိန်တွင် အအေးဒဏ်ကို ကြောက်သဖြင့် ညအချိန်ကိုပင် မနားနိုင်ဘဲ တောင်ဘက် ရာသီဥတုနွေးရာသို့ ငန်းရိုင်းများ ပျံရသည်ဟု အငြိမ်နှင့်အလှုပ်ကို တွဲပြထားသည်။ **နှင်းခါး** ဆိုသော ရာသီညွှန်းပုဒ်သည် ဆောင်းဥတု၏ အမှုအရာတို့ကို ကျောစိမ့်တုန်ခိုက်လောက်အောင် မြင်ယောင် ထင်ယောင် ခံစားမိယောင် ဖြစ်စေနိုင်သော သတ္တိနှင့် ပြည့်စုံသည်။

၉၃

ခုံဖိနပ်စီးလျက်
ကျောင်းနေခင်ကြီး မြင်ရချက် –
ပန်းပေါ်မှာ ဖိုးစက်။ ။

တိုကိုကု (၁၆၉၀ ကွယ်လွန်)

တိုကိုကုသည် ဗဿျီး၏ လက်ရင်းတပည့်တစ်ဦး ဖြစ်သည်။ အထက်က ပြောဖူးသည့်အတိုင်း ဗဿျီးသည် ခရီးသွားလေ့ရှိသည်။ ရာဇဝင်၊ သာသနာဝင်တွင်သော အရပ်ဒေသများသို့ သွားရောက် လေ့လာကာ ရှေးဟောင်းအရသာကို ခံစားလေ့ရှိသည်။ ပြီးလျှင် ခရီးသွား မှတ်တမ်းရေးလေ့ရှိသည်။ တစ်ခါသော် ဗဿျီးသည် တပည့် တိုကိုကုနှင့်အတူ

http://nyisay.com

နာရာမြို့အနီး ယိုသျှိန်တောင်သို့ ချယ်ရီပန်းရှုသွားသည်။ ထိုအခါ ကျောင်းဝင်းတွင် ခင်ကြီးတစ်ပါး ပန်းကြည့်နေသည်ကို တိုကိုကုမြင်၍ အထက်ပါ ဟိုက္ကူကို ရေးသည်။ ယင်း ဟိုက္ကူကို ဗသျှိုး၏ **ကျောပိုး အိတ်ထဲက လက်ရေးမူခေါ် အိုအိ၊ နို၊ ကိုဗုမိ** ခရီးသွားမှတ်တမ်းတွင် တွေ့ရသည်။

နွေဦးရာသီတွင် ချယ်ရီပွင့်သည်။ မိုးရွာသည်။ ခင်ကြီးသည် ချယ်ရီပွင့်၍ ထွက်ကြည့်သည်။ မိုးရွာ၍ ခုံမြင့် သစ်သားညှပ်ဖိနပ်ကို စီးသည်။ ချယ်ရီပန်း၊ ရွာသောမိုး၊ ခုံဖိနပ်၊ ကျောင်းနေခင်ကြီးတို့သည် အမြင်အားဖြင့် သီးခြားဖြစ်ကြသည်ဟု ထင်ရသော်လည်း အတွင်းသဘော အရကား အဆက်အဆံ ရှိကြသည်ကို ပြလိုသည်ဟု ဝေဖန်ရေးဆရာ များက ဆိုကြသည်။

၉၄

ရေငုတ် ကုန်းငှက်များ
ဆူဆူညံညံ အော်သံကြား –
နှင်းမုန်တိုင်းတကား။ ။

အိုတိုကုနို (သက္ကရာဇ် မသိ)

အိုတိုကုနိုသည် မိခင်နှင့် ဇနီးတို့နှင့်အတူ ဗသျှိုးထံတွင် ဟိုက္ကူပညာကို သင်ယူသည်။ ဗသျှိုးကွယ်လွန်ခါနီး နာမကျန်းရှိသောအခါ အနီးမှမခွာ၊ ပြုစုစောင့်ရှောက်သည်။

http://nyisay.com

ကပ်တစ်ခုခု ဆိုက်မည်ဆိုလျှင် တိရစ္ဆာန်များ၊ ဂနာမငြိမ် ဖြစ်တတ်သည်ကို လူများ သတိပြုမိကြသည်။ ဤတွင် အလွန် အေးမြပြင်းထန်သော နှင်းမုန်တိုင်းလာခါနီး၊ ပင်လယ်ထဲက ငှက်များနှင့် တောင်ပေါ်က ငှက်များ အုတ်အုတ်ကျက်ကျက် အော်ဟစ် ကြွေးကြော်ကြသည်ကို စာဆိုက ဖွဲ့ထားသည်။ ငှက်အော်၍ မုန်တိုင်းလာသလား၊ မုန်တိုင်းလာ၍ ငှက်အော်သလား၊ စာဆိုမသိ။ စာဆိုမပြော။ သို့သော်လည်း ငှက်များ အော်လျှင် နှင်းမုန်တိုင်းကျတတ်သည်ကို စာဆို သတိပြုမိသည်။

လောကကြီးတွင် ကပ်တစ်ခုခုဆိုက်ခါနီး လူတို့ ဂနာမငြိမ် ဖြစ်တတ်သည့် သဘောကို စာဆိုပြောပြသည်ဟုလည်း ယူနိုင်ပါသည်။ ဤသို့မှ မဟုတ်ပါကလည်း လာလတ္တံ့သော နှင်းမုန်တိုင်း တစ်နည်းအားဖြင့် လာနေဆဲ နှင်းမုန်တိုင်းကို ကန့်ကွက်သည့်အားဖြင့် ငှက်များ ကြွေးကြော်ဆန္ဒပြနေကြသည်ဟုလည်း အဓိပ္ပာယ်ပြန်နိုင်စရာ ရှိပါသည်။ နှင်းပွင့်ဖွေးဖွေးနှင့် ချစ်စဖွယ်ဖြစ်သော ဆောင်းရာသီကို ဒုက္ခပေးသဖြင့် မနှစ်မြို့သော လူ့သဘောနှင့် ဖက်တွဲပြဆိုထားသည်။

၉၅

နွေဦးပေါက်စလေ
ခွန်အား ၀လ ပြိုင်လို့နေ
ဝီလုံးငှက်ငယ်ပေ။ ။

ယစုအို (၁၆၅၇–၁၇၄၃)

http://nyisay.com

ဗီလုံးငှက်သည် ကွင်းလွင်တွင် နေသည်။ မို့မသောက်ခင်ပင် ကောင်းကင်သို့ ပျံတက်၍ တစ်နေရာတည်းတွင် အတောင်မပြတ်ခတ်ကာ ရပ်နေသည်။ ယင်းသို့ အတောင်ခတ်ခိုက် တေးသံနေသည်။

လေမရှိလည်း တခြားကို မရွေ့။ လေရှိလည်း တခြားကို မရွေ့။ လေထုထဲတွင် မရွေ့မလျား တည်ငြိမ်စွာနေရသည်မှာ လွယ်ကူသည်မဟုတ်။ အားအမြဲထုတ်နေရသည်။ ကောင်းကင် လေနှင့်အမြဲ အားပြိုင်နေရသည်။

အလွန်ကျယ်ပြောသော ကောင်းကင်တွင် ကြည့်နိုင် ရှာနိုင်ပါမှ အမည်းစက်ကလေးမျှကို မြင်ရသော ဗီလုံးငှက်သည် တေးချိုသံ၍ အတောင်ခတ်နေသည်ကို မြင်ရကြားရသော စာဆိုသည် အားကျကြည်နူးကာ ဤဟိုဂ္ဂျူကို ရေးလိုက်လေသည်။ ယခုအိသည် နာဂိုယာမြို့က ကုန်သည်တစ်ဦး ဖြစ်၏။

မင်းသုဝဏ်

❐

http://nyisay.com

အကြောင်းအရာ အညွှန်း

(ဂဏန်းများသည် ဟိုက္ကူအမှတ်များဖြစ်သည်)

ကိုယ်ရိပ်	၄၂ ချယ်ရီပန်း	၃
ကောက်စိုက်တေး	၂၉ ။	၁၀
။	၄၇ ။	၁၆
ကောက်စိုက်သူ	၆၇ ။	၄၅
ကန်စွန်းနွယ်ပန်း	၂၂ ။	၆၃
ကန်တော့ပါသေး	၉၀ ချိုးရေ	၁၉
ကျီးငှက်	၃၇ ခြင်ကောင်	၁၃
ကျင်ငယ်ကွက်	၆၂ ငလျင်	၈၈
ခမောက်	၃၉ ငှက်ခြောက်ရုပ်	၈၄
ခရီးသည်	၄၀ ။	၈၅
ခရီးသည်ငှက်	၇၇ ငှက်လက်မ	၃၄
ခူကောင်	၇၅ စာကလေး	၆၅
ခိုစင်	၆၀ စန်းရွှေပွဲ	၂၈
ခင်ကြီး	၉၃ ဆင်းရဲသူငယ်	၄၈

http://nyisay.com

ဆောင်းလေကြမ်း	၁၄	ပုရစ်ကောင် ၃၃
ဆောင်းဦးနှင်းခဲ	၃၆	ပိုးစုန်းကြူး ၂၅
ဆောင်းဦးမုန်တိုင်း	၈၈	″ ၇၂
ဆန်ဖွပ်သမား	၄၉	ပင်လယ် ၅
တောင်နံ	၂	ပန်းချဉ်ပေါင် ၅၃
တည်သီး	၈၂	ဖားအော်သံ ၇၆
ထမင်းလုံး	၆၉	ဖူဂျီတောင် ၁၇
ထီးအုံ	၁၁	ဗွားတော်မူနေ့ ၅၁
ထွေးခံ	၂၆	ဗီလုံးငှက် ၂၁
ဒီလှိုင်း	၃၈	″ ၄၆
နဂါးငွေ့	၈၆	″ ၉၅
နတ်ညှင်းကောင်	၅၅	ဗျိုင်းငှက် ၂၄
နတ်ထင်းပင်	၅၉	မီးသွေးခဲဖြူ ၈
နတ်ပွဲ	၆၁	မိုးပေါက် ၆၆
နတ်မင်း	၄၄	မိုးမခပင် ၄
နီဗွာန်ဝင်ခန်း	၅၇	မက်မန်းပွင့် ၂၃
နွေဦး	၂၇	မုန့်လုံး ၇၀
နှင်းခါး	၉၂	မျက်စိ ၁၈
နှင်းပေါက်	၁၂	မျက်ရည် ၅၀
″	၇၁	မျစ်စို့ ၆
နှင်းမုန်တိုင်း	၉၄	ယိုဂိုအင်းကြီး ၉၁
နှစ်ကူးချိန်	၄၁	ယိုသျှိနိုတောင် ၄၃
ပုစဉ်းရင်ကွဲ	၇	ရာသီအမှတ် ၈၉

http://nyisay.com

ပုတီးပွတ်သံ ၅၈
ရစ်ငှက် ၃၅
ရွက်လှေ ၃၁
။ ၇၈
လခြမ်းကွေး ၇၉
လပြည့်ဝန်း ၈၀
လေညင်းခံ ၆၈
လေပြည် ၁၅
လေမုန်တိုင်း ၁
ဝါးပင်ပျို ၇၃
ဝံပုလွေ ၅၆
ရေစည်ပိုင်း ၇၄
သမီးလှပန်း ၃၂
သမင်ကလေး ၉
သူရဲအိပ်မက် ၅၄
သချိုင်းပွဲ ၅၂
ဥသြကျား ၂၀
။ ၃၀
။ ၆၄
အေးလေစွ ၈၃
အိုင်အိုကြီး ၅၆

http://nyisay.com

မူရင်း ဂျပန်ဟိုက္ကူများ

1. Chiru hana wo/ oikakete yuku/ arashi kana.
2. Kumo ni kari/ tani nioshi naku /yamaji kana.
3. Toku chiru mo /matareshi hana no/ kokoro kana.
4. Michi-shiba no/ asa-tsuyu harau/ yanagi kana.
5. Tsuki otsuru/ asashio hayashi/ natsu no umi.
6. Takenoko no/ futoki mo oya no/ megumi kana.
7. Kara-kara ni/ mi wa narihatete/ nan to semi.
8. Shirazumi ya/ yakanu mukashi no/ yuki no eda.
9. Ya no shita ni/ hana no chi wo nomu/ ka-no- ko kana.
10. nagamu tote/ hana ni mo itashi / kubi no hone.
11. Yukiore ya/ mukashi ni kaeru/ kasa no hone.
12. Fukiyosete/ tsuki to nari keri/ imo no tsuyu.
13. kabashira wo/ kemuri no kezuru/ yube kana.
14. Kogarashi no/ hate wa ari keri/ umi no oto.

http://nyisay.com

15. Suzu-kaze ya/ koku ni michite/ matsu no koe.
16. Tanimizu ya/ ishi mo uta yomu/ yamazakura.
17. Nyoppori to/ aki no sora naru/ fuji no yama.
18. Me wa yoko ni/ hana wa tate ni/ haru no hana.
19. Gyozui-no/ sute-dokoro nashi/ mushi no koe.
20. Yami no yo ga/ mimi-ni tsuki no yo/ hototogisu.
21. Ao-mugi ya/ hibari ya agaru/ are sagaru.
22. Asagao ni/ tsurube torarete/ morai-mizu.
23. Taororaruru / hito ni kaoru ya/ ume no hana,
24. Koe naku-ba/ sagi ushinawamu/ kesa no yuki.
25. Kawa bakari/ yami wa nagarete/ hotaru kana.
26. Meigetsu ya/ haifuki suteru / kage mo nashi.
27. Yado no haru/ nanimo naki koso/ nanimo are.
28. Ware wo tsurete/ waga kage kaeru/ tsukimi kana.
29. Sa-otome ya/ yogorenu mono wa/ uta bakari.
30. Hana naraba/ hito koe oramu/ hototogisu.
31. Kasumi yori/ toki-doki amaru/ hokake bune.
32. Kome no naki/ toki wa hisago ni/ musume-hana.
33. Shiraga nuku / makura no shita ya/ kirigirisu.
34. Uguisu ya/ takenoko- yabu ni/oi wo naku.
35. Chichi-haha no/ shikiri ni koishi/ kiji no koe.
36. Te ni toraba/ kien namida zo atsuki/ aki no shimo.
37. Kare-eda ni/ karasu no tomari keri/ aki no kure.
38. Meigetsu ya/ kado ni sashi-kuru/ shio gashira.
39. Kasa mo naki/ ware wo shigururu ka/ nanto-nanto.
40. Tabi-bito/ waga na yobaren/ hatsushigure.
41. Tabine shite/ mishi ya ukiyo no/ susu harai.

http://nyisay.com

42. Samuki ta ya/ bajo ni sukumu/ kage boshi.
43. Yoshio nite/ sakura misho zo/ hinoki gasa.
44. Nao mitashi/ hana ni akeyuku/ kami no kao.
45. Sama-zama no/ mono omoidasu/ sakura kana.
46. Nagaki hi wo/ saezuri taranu/ hibarikana.
47. Furyu no/ hajime ya oku no/ ta-ue-uta.
48. Shizu no ko/ ine- suri-kakete/ tsuki wo miru.
49. Hirugao ni/ kometsuki suzumu/ aware nari.
50. Wakaba shite/ onme no shizuku/ nuguwabaya.
51. Kambutsu no/ hi ni umareau/ kanoko kana.
52. Ie wa mina/ tsue ni shiraga no/ haka mairi.
53. Hi no michi ya/ aoi katamuku/ satsukiame.
54. Natsu-kusa ya/ tsuwamono-domo ga/ yume no ato.
55. Shizukasa ya/ iwa ni shimi-iru/ semi no koe.
56. Furu-ike ya/ kawazu tobi-komu/ mizu no oto.
57. kami-gaki ya/ omoi mo kakezu/ nehan-zo.
58. Nehane ya/ shiwate awaseru/ juzu no oto.
59. Aki no sora/ onoe no sugi no/ hanaretari.
60. Hato-beya no/ yuhi- shizukeshi/ toshi no kure.
61. Yokagura ya/ hanaiki shoroki/ men no ura.
62. Hatsu-yuki ni/ kono shoben wa/ nani yatsu zo.
63. Waga yakko/ rakka ni hirune/ yurushi keri.
64. Yume ni kuru/ haha wo kaesu ka/ hototogisu.
65. Mizu ute ya/ semi mo suzume mo/ nururu hodo.
66. Imo no ha ni/ inochi wo tsutsumu/ shimizu kana.
67. Shiru-nabe ni/ kasa no shizuku ya/ sanae tori.
68. Sen-nin ga/ te wo rankan ya/ hashi suzumi.

http://nyisay.com

69. Kao ni tsuku/ meshitsubu hae ni/ atae keri.
70. Fumi mo naku/ kojo mo nashi/ chimaki gowa.
71. Kusa no ha wo/ asobi arikeyo/ tsuyu no tama.
72. Mino hoshite/ asa-asa furuu/ hotaru kana.
73. Waka-take wa/ kata-hada nugi no/ kioi kana.
74. Kado no yuki/ usu to tarai no/ sugata kana.
75. Nanimo oto/ nashi ine uchikute/ kemushi kana.
76. Hito aze wa/ shibashi naki yamu/ kawazu kana.
77. Furusato mo/ ima wa karine ya/ watari-dori.
78. Isogashi ya/ oki no shigure no/ ma-ho kata-ho.
79. Ariake ni/ furimuki-gataki/ samusa kana.
80. Kakaru yo no/ tsuki mo mi ni keri/ nobe-okuri.
81. Okami no/ koe sorou nari/ yuki no kure.
82. Tsurushi-gaki ya/ shoji ni kuruu/ yuhi kage.
83. Uzukumaru/ kusuri no shita no/ samusa kana.
84. Mono no oto / hitori taoruru/ kagashi kana.
85. Chikazuki ni/ narite wakaruru/ kakashi kana.
86. Fukeyuku ya/ mizuta no ue no/ ama-no-gawa.
87. Ichiban ni/ kagashi wo taosu/ nowaki kana.
88. Ima wa mukashi/ jishin wo kataru/ hibashi kana.
89. Hana hototogisu/ tsuki yuki mohaya/ toshi no kure.
90. Ine-ine to/ hito ni iwaretsu/ toshi no kure..
91. Tori domo mo/ neitte iru ka/ yogo no umi.
92. Bo no kubo ni/ kari ochikakaru/ shimoyo kana.
93. Ashida haku/ so mo mietari/ hana no ame.
94. Umi-yama no/ tori nakitatsuru/ fubuki kana.
95. Haru-kaze ni/ chikara kuraburu/ hbari kana.

http://nyisay.com

ကျမ်းကိုးစာရင်း

A History of Haiku, two volumes

R.H. Blyth

An Introduction to Haiku

Harold G.Henderson

One Hundred famous Haiku

Daniel C. Buchanan

❐

http://nyisay.com

လေ့လာရန် စာအုပ်များ

Haiku, four volumes	*R.H. Blyth*
Japanese Literature; An Introduction For Western Readers	*Donald Keene*
World Within Walls	*Donald Keene*
The Japanese Haiku	*Kenneth Yasuda*
The Haiku form	*Joan Giroux*
Biographical Dictionary of Japanese Literature	*Sen'ichi Hisamatsu*
Japanese Things	*Basil H.Chamberlain*
Japanalia : A Concise Cyclopaedia	*Lewis Bush*
New japanalia : Past and present	*Lewis Bush*
A Hundred Things Japanese	*Japan Culture Institute*
ကမ္ဘာ့စာပေအညွှန်း (တရုတ်နှင့် ဂျပန်စာပေသမိုင်း)	မောင်ထင်

NYI SAY
MYANMAR EBOOK CREATOR

အိုင်အိုကြီး ပါလာ
အလိုရှေ့ဖား ခုန်ဆင်းသွား
ပလုံရသံကြား

ဗသို့။